အမရပူရမြို့

ကျွဲဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အင်္ဂုတ္တရနိကာယ်

၈

အမှတ် (၃၈) ကျမ်းစာ

ကထာသလ္လာပသိက္ခာ



သာသနာ-၂၅၄၉ ကောဇော-၁၃၆၇ ခရစ်-၂၀၀၆

အရှင်ဇနကာဘိဝံသ၏
ဘဝသံသရာဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ+ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁–ခုနှစ်တပို့တွဲလပြည့်ကျော်(၁၄)ရက်(၁၉၀၀–ပြည့်၊ ဖေဖော်ဝါရီလ ၂၇–ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆–ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၃။ ၁၂၇၅–ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၄။ ၁၂၇၉–ခုနှစ်၊ သက်တော် ၁၈–နှစ်အရွယ်တွင် ပဌမကြီးတန်းစာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀–ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁–ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁–ခုနှစ်၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇–ခုနှစ်၌ **"ပဌမကျော်"** အောင်မြင်တော်မူသည်။

၈။ ၁၂၈၉–ခုနှစ်၌ **"သကျသီဟစာမေးပွဲ ခေါ် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"** ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၁–ခု၊ ဝါဆိုဦး (၁၉၄၁–၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်၊ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပုံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂–ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တဆိပ်ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံကော် စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ သြဝါဒါစရိယ သံဃနာယက၊

(ခ) ဆဋ္ဌသံဂီတိ ဘာရနိဒ္ဓာရက၊

(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝေသောဓက၊

(ဃ) ဆဋ္ဌသံဂီတိ သြသာသနသောဓေယျပတ္တပါဠက အဖြစ်တင်မြှောက်တော်မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၇-ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေး ကြီး၏ ဥပဥက္ကဋ္ဌ(ဒုတိယ သာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁-ခု သက်တော်(၃၀)မှစ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံးကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၈-ခု၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကိုရေးသားပြီးလျှင်"တစ်ဘဝသံသရာ"အမည်ဖြင့် ထေရုပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်၊ ပဉ္စပကရဏဘာသာဋီကာနှင့် မူလဋီကာ နိဿယ ပါဠိတော်နိဿယများကို ၁၃၁၆-ခု၊ တန်ဆောင်မုန်းလဆန်း (၅)ရက် (၁၈-၁၁-၇၄)တနလာနေ့ ၁-နာရီအချိန်စတင် ပို့ချရေးသား၍ ၁၃၁၉-ခု၊ ဝါခေါင်လဆန်. ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်၊ သုတ်မဟာဝါဘာသာဋီကာကို ၁၃၁၇-ခု၊ ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင်ပို့ချ ရေးသား၍ ၁၃၁၉-ခု၊ နတ္ထော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇)သောကြာနေ့ ပျံလွန်တော်မမူမီ ၅-ရက်အလိုတွင် ပြီးတော်မူခဲ့သည်၊ ပါထေယျဘာသာဋီကာကိုပင် တစ်ရက်မျှသာ ပို့ချရေးသားခဲ့ပါသေး၊သည်။

၁၅။ ၁၃၁၉-ခုနှစ် သက်တော်(၅၈)နှစ်အရောက် နတ္ထော်လပြည့်ကျော်(၂)ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်)အင်္ဂါနေ့ ညနေ(၄)နာရီ မိနစ်(၃၀) တွင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

ကျမ်းဦးအမှာ

စာရေးစာသင်များအတွက် မှာထားချက်

ဤ ကထာသလ္လာပသိက္ခာကို လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် အချိန်မှစ၍ မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ)ကိုယ်တော် တိုင်အခြေခံပါဠိသိက္ခာ သခ်ၤန်းစာများကို သင်ပြီးနောက် ဝါကျဉာဏ် အနက်ဉာဏ်ရင့်သန်စေရန် ပိဋကပါဠိ–အဋ္ဌကထာများ၏ အသွားအလာ ကို နည်းမှီကာ ရေးသားပို့ချခဲ့ပါသည်။

ပါဠိသင်ယူလေ့လာသူများကိုလည်း အကြိမ်ကြိမ်စမ်းသပ်သင်ပေး ခဲ့ရာ ပါဠိဘာသာ၏အခြေခံသဘောကို ကောင်းစွာအောင်မြင်သည် အထိ တွေ့ရှိခဲ့ရပါသည်။

ပါဠိသိက္ခာသခ်ၤန်းစာကို ရှေးဦးစွာ ခြောက်လခန့်သင်ယူစေပြီး နောက် ဤကထာသလ္လာပသိက္ခာသခ်ၤန်းစာကို ဆက်လက်လေ့လာစေရာ အလွန်မှန်ကန်လှသဖြင့် အောင်မြင်ခြင်းကို တွေ့ရှိရပါသည်၊ မန္တလေး စစ်ကိုင်းရှိ အချို့သောမိတ်ဆွေ စာချဆရာတော်များကလည်း လက်ရေးမူ ဖြင့် ကူးယူ၍ မိမိဘို့ကဓ၏ တပည့်ရဟန်းငယ် သာမဏေများကို သင်ပေး ကြရာ များစွာအောင်မြင်ကြောင်း အကြိမ်ကြိမ် ချီးကျူးထောက်ခံရုံ မဲက စာအုပ်ဖြစ်အောင် မြန်မြန်ဆောင်ရွက်ရန်ကိုလည်း တိုက်တွန်း ခဲ့ကြပါသည်။

ယင်းသို့ တိုက်တွန်းကြသော်လည်း စာအုပ်ဖြစ်မြောက်ရေးကိစ္စ အတွက် များစွာစဉ်းစားရပါသည်၊ စာအုပ်တစ်အုပ် ဖြစ်မြောက်ရေးဆို သည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ၊ ဤကထာသလ္လာပသိက္ခာတွင် မိမိတို့၏ ကျောင်းတိုက်နှင့်သာ သက်ဆိုင်သည့် တစ်နေ့တာဆောင်ရွက်

ဖွယ်ကိစ္စများကို သခ်ိန်းစာအဖြစ် စီစဉ်ထားသဖြင့် "အခြားနေရာများမှာ သုံးစွဲလို့မှသုံးစွဲကြမည်" ဟူသော သံသယက စာအုပ်ဖြစ်မြောက်ရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါသည်။

သို့သော် မည်သို့ပင်ဖြစ်စေ ပါဠိဘာသာပညာ တိုးတက်ရေးကို ရှေ့ရှုလျက် စွမ်းနိုင်သလောက် စာအုပ်ဖြစ်မြောက်အောင် ကြိုးစားမည်ဟုဆုံးဖြတ်ကာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဆရာနည်းပြ, ပုံဟန်ကျက, သိသာနုနယ်, စာသင်ငယ်မှာ, ပင်လယ်ဒီရေ, တိုးတက်လေသို့, ဉာဏ်နေဉာဏ်စ, ခဏာမကြာ, တိုးတက်လာသည်.... "ဆရာစာပြုလိုလှ၏" ဟူသောနည်းထုံးကို အသုံးပြုလျက်—

စာသင်ငယ်များကို ရှေးဦးစွာ

က။ နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်းအကျဉ်းကို လ,အနည်းငယ်အချိန်ပေး၍ ကျက်စေခြင်း။

ခ။ ထို့နောက် ပါဠိသိက္ခာကို ခြောက်လခန့် ပို့ချပေးခြင်း။

ဂ။ ပါဠိသိက္ခာကို သင်ပေးပြီးနောက် ဆက်လက်၍ ဤ"ကထာသလ္လာပသိက္ခာ"ကို ခြောက်လခန့် ပို့ချပေးခြင်း။

ဤအစီအစဉ်အတိုင်း လေ့လာသင်ယူပြီးနောက် ပါဠိတော်–အဋ္ဌကထာအများကို ဆက်လက်သင်ယူစေသောအခါ ကျေနပ်ဖွယ်ဖြစ်လောက်အောင် အံ့ဩဖွယ် တွေ့ရှိကြပါလိမ့်မည်။

ဤကထာသလ္လာပသိက္ခာ၌ သူ့အခန်းနှင့်သူ တဖြည်းဖြည်း လေ့ကျင့်ခန်းသခ်ိန်းစာများကို မြင့်တက်သွားအောင် စီစဉ်ထားသဖြင့် သင်ယူရသောတပည့်များ၏ စိတ်ဓာတ်ကိုလည်း ဝန်မလေးစေသည့်အပြင် စိတ်ဝင်စားကာ ပျော်ရွှင်လာပါလိမ့်မည်၊ ဤကထာသလ္လာပသိက္ခာတွင် အခန်းပေါင်း

(၄၆)ခန်းပါရှိ၍ ပြီးဆုံးအောင် နေ့စဉ်မှန်မှန် သင်ယူကြပါလျှင် ပျော်ရွှင်ကာ စိတ်အားတက်လျက် ပါဠိ၏ မခက်ခဲပုံကို ကိုယ်တွေ့ဖြစ်သဖြင့် ဆရာတပည့်နှစ်ဦးနှစ်ဝ ပျော်ရွှင်နိုင်ကြပါလိမ့်ဟု မျှော်လင့်ပါသည်၊ ခေတ်အလျောက် နေ့စဉ်အသုံးပြုနိုင်သော ပါဠိဝေါဟာရများကိုလည်း နောက်ပိုင်း၌ တွေ့ရှိကြရပါလိမ့်မည်၊ ယင်းပါဠိဝေါဟာရများကို သီးခြားမကျက်စေဘဲ လေ့ကျင့်ခန်းပြုလုပ်ယင်းပင် အလိုအလျောက် နှုတ်၌တက်ရောက်လာပါလိမ့်မည်၊ စိတ်ဝင်စားဖွယ်ဖြစ်သဖြင့် တပည့်အချင်းချင်း မေးယင်းဖြေယင်း အပျင်းဖြေစရာတစ်ခုအနေဖြင့် ပျော်ပျော်ရွှင်ရွှင် သင်ယူနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါသည်။

အရှင်စန္ဒောဘာသ (ဦးစိုးနာယက)
မဟာဂန္ဓာရုံကျောင်းတိုက်
၁၃၄၁–ခုနှစ်၊ တပေါင်းလ။



စဉ်ဆက်သာသနာ တည်စေသော်

(ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု)

အကယ်၍သာ–

မြတ်ဗုဒ္ဓါသည် လူ့ရွာထင်ရှား မပွင့်ငြားက ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ့။

ယခုသော်ကား–

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟော်ဖော်ညွှန်ကြား မြတ်တရား ကြောင့် ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးပေ။

ဂန္ဓာရုံရှင် ဒို့သခင်သည်–

ထွတ်တင်ဗုဒ္ဓ ဟောညွှန်ပြသည့် ဓမ္မဒေသနာ အဖြာဖြာကို များစွာ ဗိုလ်လူ သိစိမ့်ဟူ၍ ဆူဆူကျမ်းစာ ကိုယ့်ဘာသာဖြင့် ဖွင့်ရာပြရာ များဋီကာဟု စာဝါမျိုးမျိုး ကမ္ဘည်းထိုးခဲ့ နောင်ကျိုးကိုမျှော် ဆရာတော်၏ ဉာဏ်တော်စေစား နှလုံးသားမှ ကိုးစားလောက် ဖွယ် ကျမ်းသွယ်သွယ်ကို မကွယ်မပျောက် စဉ်ထွန်းတောက်ဖို့ မြားမြောက်ကျေးဇူး အထူးထူးကို ညွတ်နူးရည်လျက် ဒို့ဆောင်ရွက် သည်– စဉ်ဆက်သာသနာတည်စေသော်။

ဣဒံ နော ပုညံ ဗောဓိဉာဏသ ပစ္စယော ဟောတု။

မာတိကာ



ဦးရေ	အကြောင်းအရာ	စာမျက်နှာနံပါတ်
၁။	ဥယျောဇနကထာ [တိုက်တွန်းချက်]	၁
၂။	၁။ ပစ္စူသသမယေ ကထာသလ္လာပေါ် [နံနက်စောစော စကားပြောပုံ]	
၃။	၂။ သယနာဝုဋ္ဌိတကာလေ ကထာသလ္လာပေါ် [အိပ်ရာထပြီးချိန် စကားပြောပုံ]	၅
၄။	၃။ ဗုဒ္ဓါနုဿရဏဝေလာယံ ကထာသလ္လာပေါ် [ဘုရားအာရုံပြုချိန် စကားပြောပုံ]	၈
၅။	၄။ ဘတ္တပစနဝေလာယံ ကထာသလ္လာပေါ် [ဆွမ်းချက်ချိန် စကားပြောပုံ]	၁၁
၆။	၅။ ယာဝပက္ကသမယာ ကထာသလ္လာပေါ် [ဆွမ်းကျက်ချိန်အထိ စကားပြောပုံ]	၁၄
၇။	၆။ ပါတရာသဝေလာယံ ကထာသလ္လာပေါ် [နံနက်ဆွမ်းစားချိန် စကားပြောပုံ]	၁၇
၈။	၇။ ဘတ္တကိစ္စပရိယောသာနေ ကထာသလ္လာပေါ် [ဆွမ်းစားပြီးချိန် စကားပြောပုံ]	၂၀
၉။	၈။ ဘိက္ခာစာရဝေလာယံ ကထာသလ္လာပေါ် [ဆွမ်းခံချိန် စကားပြောပုံ]	၂၁
၁၀။	၉။ ပိဏ္ဍစာရိကာနံ ကထာသလ္လာပေါ် [ဆွမ်းခံကိုယ်တော်များ စကားပြောပုံ]	၂၉
၁၁။	၁၀။ ပိဏ္ဍပါတပဋိက္ကန္တကာလေ ကထာသလ္လာပေါ် [ဆွမ်းခံပြန်လာချိန်စကားပြောပုံ]	၃၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၂။ ၁၁။	အန္တောဒိဝါဘတ္တေ ကထာသလ္လာပေါ် [နေ့ဆွမ်းစားချိန်အတွင်း စကားပြောပုံ]	၃၅
၁၃။ ၁၂။	ဝါစနကာလေ ကထာသလ္လာပေါ [စာချချိန် စကားပြောပုံ]	၃၉
၁၄။ ၁၃။	ဒိဝါဘတ္တဝေလာယံ ကထာသလ္လာပေါ [နေ့ဆွမ်းစားချိန် စကားပြောပုံ]	၄၃
၁၅။ ၁၄။	နှာနဝေလာယံ ကထာသလ္လာပေါ [ရေချိုးချိန် စကားပြောပုံ]	၄၇
၁၆။ ၁၅။	ဝစ္စကုဋိပဒိသံယုတ္တော ကထာသလ္လာပေါ [ဝစ္စကုဋိနှင့်စပ်၍ စကားပြောပုံ]	၅၁
၁၇။ ၁၆။	ဗုဒ္ဓုပဋ္ဌာနဝေလာယံ ကထာသလ္လာပေါ [ဘုရားထံဆည်းကပ် (ဝတ်တက်)ချိန် စကားပြောပုံ]	၅၇
၁၈။ ၁၇။	အာဂန္တုကေန သဒ္ဒိ ကထာသလ္လာပေါ [အာဂန္တုကပုဂ္ဂိုလ်နှင့် အတူ စကားပြောပုံ]	၆၁
၁၉။ ၁၈။	မဟာထေရဿ သမ္မတ္တကာလေ ကထာသလ္လာပေါ [ဆရာတော်ကြီး ရောက်လာချိန်စကားပြောပုံ]....	၆၅
၂၀။ ၁၉။	မဟာထေရဿ ဝတ္တပဋိသံယုတ္တော ကထာသလ္လာပေါ [ဆရာတော်အတွက် ကျင့်ဝတ်နှင့်စပ်သောစကားပြောပုံ]	၆၇
၂၁။ ၂၀။	သဗ္ဗညနပရိသမတ္တကာလေ ကထာသလ္လာပေါ [စာအံတိတ်ချိန် စကားပြောပုံ]	၇၁
၂၂။ ၂၁။	ဇေယ်ဝိဟာရကာလေ ကထာသလ္လာပေါ [လမ်းလျှောက်ချိန် စကားပြောပုံ]	၇၅
၂၃။ ၂၂။	ပါနပဒိသံယုတ္တော ကထာသလ္လာပေါ [ဖျော်ရည်နှင့် စပ်သော စကားပြောပုံ]	၇၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၄။ ၂၃။	ပါနဝေလာယံ ကထာသလ္လာပေါ [ဖျော်ရည်သောက်ချိန် စကားပြောပုံ]	၈၂
၂၅။ ၂၄။	ဂိလာနုပဋ္ဌာနကာလေ ကထာသလ္လာပေါ [လူမမာမေးချိန် စကားပြောပုံ]	၈၆
၂၆။ ၂၅။	သမ္မဇ္ဇနုပဒိသံယုတ္တော ကထာသလ္လာပေါ [တံမျက်လှည်းခြင်း နှင့်စပ်သော စကားပြောပုံ]	၉၀
၂၇။ ၂၆။	အာရာမသောဓနဝေလာယံ ကထာသလ္လာပေါ် [ကျောင်းတိုက်သန့်ရှင်းချိန် စကားပြောပုံ]	၉၄
၂၈။ ၂၇။	ကလ္လတာပဒိသံယုတ္တော ကထာသလ္လာပေါ [ကျမ်းမာရေးနှင့် စပ်သော စကားပြောပုံ]	၉၆
၂၉။ ၂၈။	ရကွဒပဒိသံယုတ္တော ကထာသလ္လာပေါ [သစ်ပင်နှင့် စပ်သော စကားပြောပုံ]	၉၈
၃၀။ ၂၉။	ရကွရောပနုပဒိသံယုတ္တော ကထာသလ္လာပေါ [သစ်ပင် စိုက်ခြင်းနှင့်စပ်သော စကားပြောပုံ]	၁၀၂
၃၁။ ၃၀။	ဇာတိဘူမျာဒိပုစ္ဆနကထာ [မွေးရပ်မြေစသည်ကို မေးကြောင်း စကား]	၁၀၄
၃၂။	ရေနာရီနှင့် စက်နာရီ နှိုင်းယှဉ်ချက် ဇယား	၁၁၁
၃၃။ ၃၁။	ဝသနဋ္ဌာနာဒိ ပုစ္ဆနကထာ [နေရာအရပ်စသည်ကို မေးကြောင်း စကား]	၁၁၂
၃၄။ ၃၂။	ဝါတဝုဋ္ဌိပဒိသံယုတ္တကထာ [လေတိုက်မိုးရွာမှုနှင့် စပ်သော စကား]	၁၁၄
၃၅။ ၃၃။	သီတပဒိသံယုတ္တကထာ [အအေးနှင့်စပ်သော စကား]	၁၁၅

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၆။ ၃၄။	ဘိက္ခာစာရဝေလာယံ မေဃဝဿနကထာ [ဆွမ်းခံချိန်ဝယ် မိုးရွာခြင်းနှင့်စပ်သော စကားပြောပုံ]	.... ၁၁၇
၃၇။ ၃၅။	ကလ္လဘာဝရက္ခဏကထာ [ကျန်းမာရေးကို စောင့်ရှောက်ကြောင်းစကား]	.... ၁၁၈
၃၈။ ၃၆။	ဝတ္ထဓောဝနကထာ [အဝတ်ဖွတ်ခြင်းနှင့်စပ်သောစကား]	၁၁၉
၃၉။/၃၇။	ကေသောရောပနကထာ [ဆံချခြင်းနှင့်စပ်သော စကား]	၁၂၁
၄၀။ ၃၈။	စီဝရ ရဇန ပဋိသံယုတ္တကထာ [သင်္ကန်းဆိုးခြင်းနှင့် စပ်သောစကား]	.... ၁၂၄
၄၁။ ၃၉။	သူပဗျဉ္ဇနပစနကထာ [ဟင်း, ဟင်းလျာချက်ခြင်းနှင့် စပ်သောစကား]	.... ၁၂၆
၄၂။ ၄၀။	စေတိယပူဇာကထာ [စေတီတော်ကို ပူဇော်ခြင်းနှင့် စပ်သောစကား]	.... ၁၂၈
၄၃။ ၄၁။	ဓမ္မညဝကထာ [တရားပွဲနှင့်စပ်သောစကား]	.... ၁၃၀
၄၄။ ၄၂။	သယနာသန္နကထာ [အိပ်ခါနီးနှင့်စပ်သောစကား]	.... ၁၃၁
၄၅။ ၄၃။	သုတ္တကာလေ ပဝတ္တိကထာ [အိပ်ပျော်နေတဲ့အခါ ဖြစ်နေပုံစကား]	.... ၁၃၃
၄၆။ ၄၄။	ပါစနဂ္ဂိကထာ [ဝမ်းမီးနှင့်စပ်သောစကား]	.... ၁၃၅
၄၇။ ၄၅။	ဥဒကဝမုနကထာ [ရေးတိုးခြင်းနှင့်စပ်သောစကား]	.... ၁၃၇
၄၈။ ၄၆။	ပဏ္ဏပေသနကထာ [စာပေးကြောင်းစကား]	.... ၁၈၃

မာတိကာ ပြီး၏။

ကထာသင်္ဂဟပါဠိကဏ္ဍော



ဥယျောဇနကထာ

[တိုက်တွန်းချက်]

၁။ ပါဠိဘာသံ အာဝုသော သစ္စံ ဝါ နု ဝါဘာသေယျာထ ဇဝေ၊
ဗဟုံ ဘာသမာနာ ပါဠိယံ ကုသလာ ဘဝိဿထ။

၂။ အပိတု ကတ္တုကမ္မကြိယာသု စေဝ ဝိသေသနဝိသေသျသု စ
သတိ ပစ္စုပဋ္ဌာပေတွာ ဘာသေယျာထ။

၃။ အာဒိတော ဟိ ပဋ္ဌာယ အပသဒ္ဒါ မုခါ.ရုဠ္ဟာ သမာနာ
ပစ္ဆာ သာဓုသဒ္ဒတံ ကာတုံ ဒုက္ကရာ ဘဝိဿန္တိ။

ကြည့်ရှုရန်

၁။ ပါဠိဘာသာ–ပါဠိဘာသာ (ပါဠိစကား)။ သစ္စံ ဝါ–မှန်သည်ဖြစ်စေ။ နု သစ္စံ ဝါ–မမှန်သည်ဖြစ်စေ။ ဗဟုံ–များစွာ။ ကုသလ–ကျွမ်းကျင်သူ။ ၂။ အပိတု–သို့သော်လည်း။ ပစ္စုပဋ္ဌာပေတွာ–ရှေးရှုတည်စေ (ဖြစ်စေ)၍။ ၃။ ပဋ္ဌာယ–စ၍။ အပသဒ္ဒ–မှန်သောသဒ္ဒါမှ ကင်းသောသဒ္ဒါ (သဒ္ဒါပျက် သဒ္ဒါမှား)။ မုခါ.ရုဠ္ဟာ–နှုတ်သို့တက် (နှုတ်တက်)။ သာဓုသဒ္ဒတာ–ကောင်းသော (မှန်သော) သဒ္ဒါ၏အဖြစ် (သဒ္ဒါမှန်)။

(က) သာ မာဂဓီ မူလဘာသာ, နရာ ယာယာ.ဒိကပ္ပိကာ၊
ဗြဟ္မာနော စာ.သုတာ.လာပါ, သမ္မာဒ္ဓါ စာပိ ဘာသရေ။

၄။ တေနေဝ ပါဠိယာ ဝတ္တုံ့, သမတ္ထ.မာရဘန္တေ့ ဟေ၊
ဒန္တေ.ဘိဒန္တ.မာဓေယ, တာလံ့ အာဟစ္စ ဇိဝ့ယာ။

ကြည့်ရှုရန်

(ခ) ယံ ဗုဒ္ဓေါ ဘာသတေ ဝါစံ, ခေမံ နိဗ္ဗာနပတ္တိယာ၊
ဒုက္ခဿန္တ့ကိရိယာယ, သာ ဇေ ဝါစာန.မုတ္တမာ။

(က) ယာယ–အကြောင်ဘာသာဖြင့်၊ အာဒိကပွိကာ–ကမ္ဘာဦးဦးဖြစ်ကုန်သော၊ နရာ–လူတို့သည်လည်းကောင်း၊ဗြဟ္မာနော စ–ဗြဟ္မာတို့သည်လည်းကောင်း၊ အဿုတာ.လာပါ–မကြားအပ်သော စကားပြောသံရှိသော ကလေး, လူရိုင်းတို့သည်လည်းကောင်း၊ သမ္မုဒ္ဓါ စာပိ–ဘုရားရှင်တို့သည်လည်းကောင်း၊ ဘာသရေ–ပြောဟောကုန်၏၊ မာဂဓိ–မဂဓတိုင်းသားတို့၏ ဥစ္စာဖြစ်သော၊ သာ–ထိုဘာသာသည်၊ မူလဘာသာ–အရင်းခံ ဘာသာပေတည်း။ [ရူ–၄၁]

(ခ) ဗုဒ္ဓေါ–သည်၊ နိဗ္ဗာနပတ္တိယာ–နိဗ္ဗာန်သို့ ရောက်ခြင်းငှာလည်းကောင်း၊ ဒုက္ခဿ–တေဘူမက ဝဋ်ဒုက္ခ၏၊ အန္တ ကိရိယာယ–အဆုံးကိုပြုခြင်းငှါလည်းကောင်း၊ ခေမံ–ဘေးတို့၏ ကုန်းကြောင်းဖြစ်သော (ငြိမ်းအေးကြောင်းဖြစ်သော)၊ ယံ ဝါစံ–အကြင် စကားတော်ကို၊ ဘာသတေ–ပြောဟော၏၊ သာ–ထိုစကားတော်သည်၊ ဇေ–စင်စစ်၊ ဥတ္တမာ–အမြတ်ဆုံးပေတည်း။ [သံ–၁–၁၉၁]

၄။ ဟေ–အမောင်တို့၊ တေနေဝ–ထို့ကြောင့်ပင်၊ ဒန္တေ–အောက်သွားဌ၊ အဘိဒန္တံ–အထက်သွားကို၊ အာဓယ–မြဲစွာထား၍၊ (ဒန္တေ.ဘိဒန္တ.မာဓယ–အံကြိတ်၍)၊ ဇိဝ့ယာ(ဇိဝ့ါယ)–လျှာဖြင့်၊ တာလုံ–အာစောက်ကို၊ အာဟစ္စ–ထိ၍၊ (တာလုံ အာဟစ္စ ဇိဝ့ယာ–တောက်ခေါက်၍)၊ ပါဠိယာ–ပါဠိဖြင့်၊ ဝတ္တုံ့–ပြောခြင်းငှာ၊ သမတ္ထံ–စွမ်းနိုင်အောင်၊ အာရဘန္တေ–အားထုတ်ကြကုန်လော (ကြိုးစားကြကုန်လော)။ [ဇိဝ့ါယ ဟု ဆိုလိုလျက် ဂါထာဖြစ်၍ ဇိဝ့ယာ ဟု သုံးသည်]။

အမှာ။ ။ ရူ–၄၁, သံ– ၁–၁၉၁ စသော သင်္ကေတများသည် ဆိုင်ရာကျမ်းရင်းနှင့် စာမျက်နှာကို ညွှန်ပြသည်။

၁။ ပစ္စုသ္သသမယေ ကထာသလ္လာပေါ

[နံနက်စောစော စကားပြောပုံ]

၁။ အာဝုသော ဓမ္မရက္ခိတ။

၂။ ကိ ဘန္တေ။

၃။ သယနာ ဥဋ္ဌေဟိ။

၄။ ဥဂ္ဂတော နု ဘန္တေ အရုဏော့။

၅။ နု တာဝ ဥဂ္ဂတော, အပိ တု အရုဏုဂ္ဂမနဝေလာ ဥပကဍ္ဎာ။

၆။ ပဟတာ နု ဘန္တေ ဝိဟာရေသု ဃဏ္ဍာ။

၇။ **အောင်ခြင်းရှုစ်ပါး** ဝိဟာရေ နု ပဟတာ, **ကျော်အောင်စံထား** ဝိဟာရေ ပန ပဟတာ။

၈။ သစေ အရုဏော နု ဥဂ္ဂစ္ဆတိ, နာ.ဟံ သယနာ ဝုဋ္ဌဟာမိ, အလသော.မှိ။

၉။ မာ ဟော.ဝံ အဝစ, "ပုရာ.ရုဏာ သယနတော ဝုဋ္ဌာတပ္ပံ" တိ အာစရိယေန ပညတ္တံ၊ တသ္မာ တွံ အဇ္ဇော့အရုဏောယေဝ သယနတော ဝုဋ္ဌေဟိ။

ကြည့်ရှုရန်

၁။ ပစ္စုသ–မိုးသောက် (နံနက်စောစော, ပစ္ဆိမယာယ်၏ နောက်ဆုံး အချိန်)။ သမယ–အချိန်(အခါ)။ ၃။ သယန–အိပ်ရာ၊ ဥဋ္ဌ–ထ။ ၄။ ဥဂ္ဂတ–တက်။ အရုဏ–အရုဏ် (နေ၏ ပဌမဆုံး ထွက်ပေါ်လာသော အနီနုရောင်)။ ၅။ နု တာဝ ဥဂ္ဂတ–မတက်တတ်သေး။ အရုဏုဂ္ဂမနဝေလာ–(အရုဏ+ဥဂ္ဂမန+ဝေလာ) အရုဏ်+တက်ရာ+အချိန် (အရုဏ်တက်ချိန်)။ ဥပကဍ္ဎာ–နီး [ဥပကဋ္ဌာ ဟုလည်း ရှိနိုင်သည်]။ ၆။ ပဟတာ–ခေါက်အပ်၊ ဃဏ္ဍ–တုံး (ကုလားတက်) ဃဏ္ဍီ ဟုလည်း သုံးနိုင်သည်]။ ၈။ ဥဂ္ဂစ္ဆ–တက်။ ဝုဋ္ဌဟ–ထ။ အလသော–ပျင်းသူ။ ၉။ အဝစ(ဝစ)–ပြော [ဟိယျတ္တနီ အာကို ရဿပြု]။

၁၀။ ယဒိ ဧဝံ ဝုဋ္ဌာဟိသာမိ။

(က) ဥဋ္ဌေဟိ ဘိက္ခု ကိံ သေသိဓကာ အတ္ထော သုပိတေန တေ၊ အာတုရဿ ဟိ ကာ နိဒ္ဒါ, သလ္လဝိဒ္ဓဿ ရုပ္ပတော။

ပါဠိစီရန်

၁။ ဗုဒ္ဓရက္ခိတ။

၂။ အရှင်ဘုရား။

၃။ ဓမ္မရက္ခိတ အိပ်ရာက ထပလား။

၄။ မထသေးပါ အရှင်ဘုရား။

၅။ ခုတောင် မထသေးဘူးလား, အရှဏ်တက်ခါးနီးပြီလေ၊ အရှဏ်မတက်ခင် ထပစေ။

၆။ သံဃရက္ခိတကော။

၇။ တပည့်တော် ထပါပြီ အရှင်ဘုရား။

ပုရာရုဏာ–အရုဏ်၏ ရှေ့အဖို့ (အရုဏ်မတက်မီ)။ ပညတ္တ–ပဲညတ်အပ်။ ၁၀။ ယဒိ ဧဝံ–ယင်းသို့ဖြစ်လျှင် (ဒီလိုဆိုယင်)။

(က) ဘိက္ခု–ရဟန်း၊ ဥဋ္ဌေဟိ–ထလော(ထတော့)၊ ကိံ–အဘယ့်ကြောင့်၊ သေသိ–အိပ်နေသနည်း၊ တေ–သင့်အား၊ သုပိတေန–အိပ်ခြင်းဖြင့်၊ ကော အတ္ထော–အဘယ်အကျိုးရှိအံ့နည်း၊ ဟိ–မှန်၏၊ သလ္လဝိဒ္ဓဿ–ကိလေသာမြား(လုံ)သည် စူးဝင်အပ်သည်ဖြစ်၍၊ ရုပ္ပတော–ဖောက်ပြန်ပျက်စီးလျက်၊ အာတုရဿ–နာကျင်နေသော သင်၏၊ နိဒ္ဒါ–အိပ်ခြင်းသည်၊ ကာ–အဘယ်အကျိုးရှိအံ့နည်း။ [သံ ၁–၁၉၉]

ကြည့်ရှုရန်

၅။ ယခုအခါ၌လည်း (ခုတောင်) ဣဒါနိပိ။ ထစေ(ထပစေ)–ဝုဋ္ဌာပေ။ ၆။ သံဃရက္ခိတလဲ–သံဃရက္ခိတော ပန(သံဃရက္ခိတောပိ)။ ၇။ ထပြိ–ဝုဋ္ဌိတ။

၈။ အေး ကောင်းတယ်။

၉။ ကိုရင်တွေ ထကြ, အိပ်နေလို့ သင်တို့မှာ ဘာ အကျိုးရှိမှာလဲ။

၁။ သဃနာ ဝုဋ္ဌိတကာလေ ကထာသလ္လာပေါ်

[အိပ်ရာထပြီးချိန် စကားပြောပုံ]

၁။ အာဝုသော ဗုဒ္ဓရက္ခိတ။

၂။ ဘန္တေ။

၃။ ဝုဋ္ဌိတော.သိ နု သဃနာ။

၄။ အာမ ဘန္တေ ဝုဋ္ဌိတော.မှိ။

၅။ သဃနတော ဝုဋ္ဌဟိတ္တာ ပဌမံ ဝစ္စဋ္ဌာနံ ဝါ ပဿာဝဋ္ဌာနံ ဝါ ဂစ္ဆေယျာသိ။

၆။ နတ္ထိ မေ ဘန္တေ ဝစ္စဋ္ဌာနဿ ဂမနကိစ္စံ, ပဿာဝဋ္ဌာနမေဝ ဂစ္ဆေယျာမိ။

၇။ တတော ပရံ ဒန္တေ ဒန္တပေါက္ခရဏေ သောဓေတွာ (သစေ လောဏံ ဝါ ဒန္တသောဓနဘေသဇ္ဇံ ဝါ အတ္ထိ, တေန သောဓေတွာ) ဇိဝှံ စ ဝိလေခေတွာ မုခံ ဓောဝေယျာသိ။

၉။ အိပ်ခြင်း–သုပိတံ(နိဒ္ဒါ)။ အကျိုး–အတ္ထ။

အမှာ။ ။လိင်မြဲသော ပုဒ်များကို ဆိုင်ရာဂိုဏ်း၏ ကာရန်အတိုင်း ညွှန်ပြ၍ သုံးလိင်ဖြစ်နိုင်သော ပုဒ်များကို များသောအားဖြင့် အကာရန္တဖြင့်သာ ညွှန်ပြထားသည်။

ကြည့်ရှုရန်

၅။ ဝစ္စဋ္ဌာန–ကျင်ကြီးစွန့်ရာအရပ်။ ပဿာဝ–ကျင်ငယ်။ ၆။ ဂမနကိစ္စ–သွားခြင်းကိစ္စ (သွားဖွယ်ကိစ္စ)။ ၇။ တတော ပရံ–ထိုမှနောက်။ ဒန္တ–သွား။

၈။ အာမ ဘန္တေ, မုခေါဒကံ ပန ကတ္ထ အတ္ထိ။

၉။ န ပဿသိ နု ဟေဋ္ဌာဝိဟာရေ ဥဒကဃဋံ၊ တတ္ထ မုခေါဒကံ အတ္ထိ, မုခံ ဓောဝိတ္ဝာ မုခပုဉ္ဆနေန ပုဉ္ဆေယျာသိ, မာ စိစရေန။

၁၀။ နတ္ထိ မေ မုခပုဉ္ဆနံ, အာယသ္မတော သန္တကံ တာဝကာလိကံ ဒေတု။

၁၁။ ဟန္ဒ...မုခံ ပုဉ္ဆိတ္ဝာ ဝိဝိတ္တာ.သနေ နိသီဒ။

၁၂။ ဝိဝိတ္တာ.သနေ နိသီဒိတ္ဝာ ကိ ကရေယျာမိ။

၁၃။ ယာဝအရုဏုဂ္ဂမနာ ဇိဝမာနကံ ဝါ ဗုဒ္ဓံ အနုဿရေယျာသိ, မေတ္တံ ဝါ ဘာဝေယျာသိ၊ အရုဏော ဥဂ္ဂတော ပါတရာသဘတ္တံ ဘုဉ္ဇိဿသိ။

၁၄။ အာမ ဘန္တေ။

ဒန္တ ပေါဏ-ဒန်ပူ။ သောဓေ-စင်ကြယ်စေ။ လောဏံ-ဆား။ ဒန္တ သောဓန ဘေသဇ္ဇံ-သွားကို စင်ကြယ်သောဆေး (သွားတိုက်ဆေး)။ ဇိတ္ဝာ-လျှာ။ ဝိလေခ-ခြစ်(တိုက်)။ ဓောဝ-ဖွပ် (ဆေး,သစ်)။ ၈။ မုခေါဒက-မျက်နှာသစ်ရေ။ ကတ္ထ-အဘယ်အရပ်၌။ ၉။ ဟေဋ္ဌာဝိဟာရ-ကျောင်းအောက် [အဗျယီဘောသမာသ်ဖြစ်၍ နပုလ္လိင်]။ ဥဒကဃဋ-ရေအိုး။ မုခပုဉ္ဆနံ-မျက်နှာသုတ်ပုဝါ။ ပုဉ္ဆ-သုတ်။ ၁၀။တာဝကာလိကံ-ထိုသုံးစွဲရာ ကာလရှိအောင် (သုံးစွဲရုံခဏ)။ ၁၁။ ဟန္ဒ-ရော့(ယူ)။ ဝိဝိတ္တာ.သန-ဆိတ်ငြိမ်သောနေရာ။ ၁၃။ ယာဝအရုဏုဂ္ဂမနာ-အရုဏ်တက်ရာ ကာလတိုင်အောင်။ ဇိဝမာနက-သက်တော်ထင်ရှားရှိ (အသက်ထင်ရှားရှိ)။ အနုဿရ-အဖန်ဖန် အမှတ်ရ (အာရုံပြု)။ ဘာဝေ-ဖြစ်စေ(ပွားများ)။ ပါတရာသဘတ္တံ (ပါတ+အသ+ဘတ္တ)- နံနက်အခါ၌+စားထိုက်သော+ဆွမ်း (နံနက်ဆွမ်း)။

(က) ယာယ သဒ္ဓါယ ပဗ္ဗဇိတော, အဂါရသ္မာ အနဂါရိယံ၊
တမေဝ သဒ္ဓံ ပြူဟေဟိ, မာ နိဒ္ဒါယ ဝသံ ဂမိ။

ပါဠိစီရန်

၁။ ကိုရင် ဗုဒ္ဓရက္ခိတ၊ ကျင်ငယ် စွန့်တဲ့နေရာ သွားပြီးပလား။

၂။ တပည့်တော် သွားဘွယ်ကိစ္စ မရှိပါ (သွားဘို့မလိုပါ)။

၃။ ဒန်ပူ (သွားပွတ်တံ)ရှိသလား, သွားတိုက်ဆေးကော ရှိသလား။

၄။ ရှိလျှင် သွားတိုက်ဆေးကို သွားပွတ်တံ၌ ထည့်ပြီး သွားပွတ်တံနဲ့
သွားတိုက်ပါ။

၅။ မရှိလျှင် ရိုးရိုး ဒန်ပူကို ခဲပါ။

၆။ လျှာကိုလဲ ဒန်ပူနှင့် ခြစ်ပါ။

(က) ယာယ သဒ္ဓါယ-ဖြင့်၊ အဂါရသ္မာ-အိမ်မှ (အိမ်ရာတည်ထောင်လူ့ဘောင်မှ)၊ (နိက္ခမိတ္တာ-ထွက်၍)၊ အနဂါရိယံ-အိမ်၌နေခြင်း၏ စီးပွားဖြစ်သော လယ်ထွန်းကုန်မေး, နွားမွေးမှုမရှိရာ ရဟန်းဘောင်သို့၊ ပဗ္ဗဇိတော-ကပ်ရောက်ခဲ့ပြီ၊ တမေဝ သဒ္ဓံ-ထိုအရင်းခံသဒ္ဓါကိုပင်၊ ဗြူဟေဟိ-တိုးပွားစေပါလော၊ နိဒ္ဒါယ-အိပ်ခြင်း၏၊ ဝသံ-အလိုသို့၊ မာ ဂမိ-မလိုက်ပါနှင့်။ [သံ ၁-၂၀၀]

ကြည့်ရှုရန်

၁။ သွားပြီ (သွားပြီး)-ဂတော (အဂမာသိ)။ ၄။ ထည့်-ပက္ခိပ။ ၅။ ပင်ကိုယ်သဘောရှိသော (ပြုပြင်အပ်သည် မဟုတ်သော) ဒန်ပူ(ရိုးရိုးဒန်ပူ) ပါကတိကဒန္တပေါဏ်။ [ဤနေရာ၌ ရိုးရိုးဒန်ပူကို "ပါကတိကဒန္တပေါဏ"ဟု သွားတိုက်တံ (သွားပွတ်တံ)ကို "ဒန္တပေါဏ"ဟု စီပါ]။

၇။ မျက်နှာသုတ်ပုဝါ ရှိရဲ့လား။

၈။ မျက်နှာသစ်ပြီး မျက်နှာသုတ်ပုဝါနဲ့ သုတ်ပါ, သင်္ကန်းနဲ့ မသုတ်ပါနဲ့။

၉။ မျက်နှာသစ်ပြီးနောက် သင်္ကေတာ်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုနေပါ, အိပ်မနေပါနှင့်။

၁၀။ အကြင်သဒ္ဓါဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်လာကြတယ်, ထိုသဒ္ဓါကိုပင် တိုးပွားကြပါစေ၊ အိပ်ခြင်း၏ အလိုသို့ မလိုက်ကြပါနှင့်။

၃။ မုဒ္ဓါနုဿရဏာဝေလာယံ ကထာသလ္လာပေါ

[ဘုရားအာရုံပြုခြင်း စကားပြောပုံ]

၁။ အာဝုသော သာမဏေရာ။

၂။ ဘန္တေ (ဘဒန္တေ)။

၃။ သုဏိတ္ထ နု အာယသ္မတာ စက္ကပါလေန ပဟတံ ဃဏ္ဍီသဒ္ဒံ။

၄။ အာမ ဘန္တေ သုဏိမှာ။

၅။ ဝုဋ္ဌိတာ.တ္ထ နု သယနာ။

၆။ အာမ ဘန္တေ, သယနာ ဝုဋ္ဌိတာ.မှ။

၇။ ဓောဝိတံ နု မုခံ။

၈။ အာမ ဘန္တေ မုခံ ဓောဝိတံ။

၉။ တေနဟိ တုမှေ သကေ အာသနေ နိသီဒေယျာထ။

ကြည့်ရှုရန်

၂။ ဘဒန္တေ-အရှင်ဘုရား။ ၃။ သုဏ-နာ(နား:ထောင်,ကြား:)။ ဃဏ္ဍီသဒ္ဒ-တုံးသံ။ ၇။ဓောဝိတ-ဆေးအပ်(သစ်အပ်)။ ၉။ တေနဟိ-ထိုသို့ဖြစ်လျှင်

၁၀။ သကေ အာသနေ နိသီဒိတ္ဝာ ကိံ ကာတဗ္ဗံ။

၁၁။ ယာဝ ဇီဝမာနကော ပုဒ္ဂ္ဂလော စိတ္တေ န ဥပဋ္ဌာတိ, တာဝ ပုနပ္ပုနံ မနသိ ကာတဗ္ဗော။

၁၂။ စိတ္တေ ဥပဋ္ဌာနတော ပန ပဋ္ဌာယ ကိံ ကာတဗ္ဗံ။

၁၃။ တဿ အရဟတ္တာဒိဂုဏာ အနုဿရိတဗ္ဗာ။

၁၄။ တတ္ထ ကိဉ္စိ ရံ ဝတ္ထုဗ္ဗံ။

၁၅။ ယာဝ အရူဏုဂ္ဂမနာ ဝတ္ထုဗ္ဗံ။

၁၆။ အရူဏဿ ဥဂ္ဂတဘာဝေါ ပန ကထံ ဉာတဗ္ဗော။

၁၇။ **အောင်ခြင်းရှစ်ပါး** ဝိဟာရေ ယဏ္ဍိကဿဒ္ဒံ တိက္ခတ္တုံ သုဏာသိထ, တေန သညာဏေန အရူဏဿ ဥဂ္ဂတဘာဝေါ ဉာတဗ္ဗော။

၁၈။ သုဏာသိထ, ဣဒါနေဝ ယဏ္ဍိကာ ပဟတာ "တောက် တောက်"တိ။

၁၉။ ဧဝံ ဧဝံ။

ထိုသို့ဖြစ်လျှင် (ဒီလိုဆိုယင်)။ သတ္တ-မိမိဥစ္စာ။ ၁၁။ ယာဝ-အကြင်မျှလောက်။ တာဝ-ထိုမျှလောက်။ ဥပဋ္ဌာ-ကပ်၍ တည် (ထင်ပေါ်လာ)။ ပုနပ္ပုနံ-အဖန်ဖန် (ထပ်ကာထပ်ကာ)။ ၁၂။ ဥပဋ္ဌာန-ထင်ရာအခါ။ ၁၃။ ဂုဏ-ဂုဏ်။ ၁၄။ ကိဉ္စိ ရံ-ဘယ်လောက်ကြာအောင်။ ဝတ္ထုဗ္ဗံ-နေထိုက်။ ၁၆။ ဥဂ္ဂတဘာဝ-တက်သည်၏ အဖြစ် (တက်ကြောင်း, တက်မှန်း)။ ဉာတဗ္ဗ-သိထိုက် (သိနိုင်)။ ၁၇။ ဒ္ဝိက္ခတ္တုံ-နှစ်ကြိမ် (နှစ်ချက်)။ သညာဏ-အမှတ်အသား။ ၁၈။ ယဏ္ဍိကာ-တုံးကလေး။ ၁၉။ ဧဝံ ဧဝံ-အေး အေး (ဟုတ်တယ် ဟုတ်တယ်)။

[ပါဠိသိက္ခာ, သဒ္ဒါကျဉ်း, နာမ်ဂုဏ်း, အာချာတ်ဂိုဏ်းတို့၌ ပါပြီးသော ပုဒ်များနှင့် လွယ်ကူသော ပုဒ်များ၏ အနက်ကို ဤကထာသလ္လာပ သိက္ခာ၌ မပြတော့ပါ။]

(က) ဥဌ္ဌဟထ နိသီဒထ, ဒဠ္ဠ သိက္ခထ သန္တိ္ဌယာ၊
မာ ဝေါ ပမတ္တော ဝိညာယ, မစ္စုရာဇာ အာကမုတု။

ပါဠိစီရုန်

၁။ ကုလားတဲက်(တုံး) ခေါက်အပ်ပြီ, ကြားကြရဲ့မဟုတ်လား။
၂။ မျက်နှာသစ်အပ်ပြီလား (သစ်ပြီးပြီလား)။
၃။ တစ်နေရာမှာ စုနေကြ။
၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်၌ မထင်မချင်း နှလုံးသွင်းပါ။
၅။ အရှဏ်တက်လျှင် ဓအောင်ခြင်းရှုစ်ပါး ကျောင်းတိုက်က တုံးကလေး ခေါက်လိမ့်မယ်။
၆။ နားထောင်ကြစမ်း, ဘာသံပါလိမ့်။
၇။ အခုပင် တုံးကလေး ခေါက်(အပ်)ပြီ။
၈။ ဟုတ်တယ် ဟုတ်တယ်။
၉။ အမောင်...ထပါတော့, ထိုင်နေပါ။ ငြိမ်းအေးဘို့ရာ ဇွဲသန်သန် ကြိုးစားပါ။ သင့်ကို မေ့မေ့လျော့လျော့ နေသည်ကို သိ၍ သေမင်း မငင်ပါစေနှင့်။

(က) ဥဌ္ဌဟထ–တရားမပါ, အလကားနေရာမှ, ထကြကုန်လော၊ ဝါ–တရားလွတ်ကင်း, ပျင်းရိခြင်းမှ, ထကြကုန်လော၊ နိသီဒထ–ကမ္မဋ္ဌာန်းတရား, အားထုတ်ဘို့အတွက်, ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေကြကုန်လော၊ သန္တိ္ဌယာ–ကိလေသာဟူ, အပူကင်း၍, ငြိမ်းအေးခြင်းငှာ၊ ဒဠ္ဠ–မြဲမြံမြံမြံ ဇွဲသန်သန်၊ သိက္ခထ–ကျင့်ကြံကြိုးကုတ်, အားထုတ်ကုန်လော၊ ဝေါ–သင်တို့ကို၊ ပမတ္တော–မေ့လျော့နေသည်တို့ကို၊ ဝိညာယ–သိ၍၊ မစ္စုရာဇာ–သေမင်းသည်၊ မာ အာကမုတု–မဆွဲငင်ပါစေလင့်။

ကြည့်ရှုရန်

၁။ သုဏိတ္ထ နနု။ ၃။ ဇကသို့ ဌာနေ။ စုဝေး(စည်းဝေး)–သန္နိပတ။ ၅။ ခေါက်–ပဟရ။ ၆။ သုဏာထ ကိံသဒ္ဒေါ။ ၉။ အမောင်–ဘော။ မေ့လျော့သူ (မေ့မေ့လျော့လျော့နေသူ)–ပမတ္တ။ ဆွဲငင်–အာကမု။

၃။ ဘတ္တာပစနဝေလာယံ ကထာသလ္လာပေါ
[ဆွမ်းချက်ချိန် စကားပြောပုံ]

၁။ အာဝုသော ဓမ္မရက္ခိတ။

၂။ ဘန္တေ။

၃။ ဘတ္တာပစနဝေလာ နာမ။

၄။ ဇဝံ ဘန္တေ။

၅။ ကဋ္ဌာနိ ဆိန္ဒ စေဝ ဘိန္ဒ စ, ဥဒကံပိ အာဟရ။

၆။ ဟိယ္ယော သာယန္နသမယမေဝ မေ ကဋ္ဌာနိ ဆိန္နာနိ စေဝ ဘိန္နာနိ စ, ဥဒကံပိ အာဟတံ။

၇။ ဥဒ္ဓနံ သဇ္ဇေဟိ။

၈။ သဇ္ဇိတံ ဘန္တေ။

၉။ ယဒိ ဇဝံ အဂ္ဂိံ ဝမေတိ။

၁၀။ နတ္ထိ မေ ဘန္တေ အဂ္ဂိမဇ္ဈုသာ။

၁၁။ ဟန္ဒ... အဂ္ဂိံ ဝမေတ္တာ ပဋိဒေဟိ။

၁၂။ ဟာ... နတ္ထိ ဝတ အဂ္ဂိမဇ္ဈုသာဒဏ္ဍော။

ကြည့်ရှုရန်

၁။ ဘတ္တာပစနဝေလာ–ထမင်း(ဆွမ်း)ချက်ချိန်။ ၅။ ကဋ္ဌ–ထင်း။ ဆိန္ဒ–ဖြတ်။ ဘိန္ဒ–ခွဲ။ အာဟရ–ဆောင်ယူ(ခပ်)။ ၆။ ဟိယ္ယော–ယမန်နေ့က (မနေ့က)။ သာယန္န–ညနေ။ ဆိန္န–ဖြတ်အပ် (ဖြတ်အပ်ပြီး)။ ဘိန္န–ခွဲအပ်။ အာဟတ–ဆောင်အပ်(ခပ်အပ်)။ ၇။ ဥဒ္ဓနံ–ဖိုခနောက်။ သဇ္ဇ–စီရင်(ပြင်ဆင်)။ ၈။ သဇ္ဇိတ–စီရင်အပ် (ပြင်ဆင်အပ်)။ ၉။ ဝမေ–တိုးပွားစေ(မွေး)။ ၁၀။ အဂ္ဂိမဇ္ဈုသာ–မီးခြစ်ဗူး။ ၁၁။ ပဋိဒ (ပဋိ=တဖန်(ပြန်)+ဒ=ပေး) တဖန်ပေး (ပြန်ပေး)။ ၁၂။ နတ္ထိ ဝတ–မရှိပါတကား (မရှိပါလား)။ အဂ္ဂိမဇ္ဈုသာဒဏ္ဍော–မီးခြစ်ဗူးဠ္ဍ အဆဲ

၁၃။ တေန ဟိ ဟန္ဒ အဘိနဝံ ဂဏ္ဟေ။

၁၄။ ဝမိုတော ဘန္တေ အဂ်ိ။

၁၅။ တဏ္ဍုလံ ဓောဝ, ဓောဝိတွာ ဥက္ခလိယံ ပက္ခိပ။

၁၆။ ပက္ခိတ္တော ဘန္တေ ဥက္ခလိယံ တဏ္ဍုလော။

၁၇။ ဥက်္ခလိ ဥဒ္ဓနံ အာရောပေဟိ။

၁၈။ အာရောပိတာ ဘန္တေ ဥက္ခလိ။

၁၉။ ဩလောကေတွာ ဇောဝါရမတ္တံ ဒဗ္ဗိယာ မန္ထေဟိ။

၂၀။ အာမ ဘန္တေ။

(က) နု တေ ကဋ္ဌာနိ ဘိန္နာနိ, နု တေ ဥဒက.မာဟတံ။
အဂ်ိပိ တေ နု ဟာပိတော, ကိန္နု မန္ဒောဝ.စျာယသိ။

ပါဠိစိရန်

၁။ ထင်းဖြတ်ပြီးပလား (ဖြတ်အပ်ပြီလော)။

၂။ မဖြတ်ရသေးပါ အရှင်ဘုရား။

(မီးခြစ်ဆံ)။ ၁၃။ အဘိနဝ–အသစ်။ ဂဏ္ဟ–ယူ။ ၁၄။ ဝမိုတ–တိုးပွားစေအပ် (မွေးအပ်)။ ၁၅။ တဏ္ဍုလ–ဆန်။ ဥက္ခလိ–ထမင်းအိုး၊ ပက္ခိပ–ထည့်။ ၁၆။ ပက္ခိတ္တ–ထည့်အပ်။ ၁၇။ အာရောပ–ရှေးရှုတတ်ရောက်စေ (တင်,တယ်)။ ၁၈။ အာရောပိတ– ရှေးရှုတက်ရောက်စေအပ် (တင်အပ်, တယ်အပ်)။ ၁၉။ ဝါရော–အကြိမ်။ မတ္တံ–မျှလောက်။ ဒဗ္ဗိ–ယောက်မ။ မန္ထ–မွှေ။

(က) တေ–သင်သည်၊ ကဋ္ဌာနိ–ထင်းတို့ကို၊ နု ဘိန္နာနိ–မခွဲအပ်ကုန် (ခွဲမထား)။တေ–သင်သည်၊ ဥဒက်–ကို၊ နု အာဟတံ–မဆောင်ယူအပ် (ခပ်မထား)။ တေ–သည်၊ အဂ်ိပိ–ကိုလည်း၊ နု ဟာပိတော–မတောက်စေအပ် (မွေးမထား)။ ကိန္နု (ကိ+နု)–အဘယ့်ကြောင့်၊ မန္ဒောဝ–လူအ ကဲ့သို့၊ စျာယသိ–မြို့နေသနည်း။ [ဇာတက ၌ ၄–၂၂၁]

၃။ ရေခပ်ပြီးပလား (ခပ်အပ်ပြီလား)။

၄။ မခပ်ရသေးပါ အရှင်ဘုရား။

၅။ ဖိုခနောက် ပြင်ပြီးပလား (ပြင်အပ်ပြီလော)။

၆။ ပြင်ပြီးပါပြီ အရှင်ဘုရား။

၇။ မီးမွှေးပြီးပလား (ပွားစေအပ်ပြီးလော)။

၈။ မီးခြစ်ရှိရဲ့လား။

၉။ မီးခြစ်ပူးထဲ၌ မီးခြစ်ဆံ မရှိပါ။

၁၀။ ဆန်ဆေးပြီးပြီမဟုတ်လား (ဆေးအပ်ပြီမဟုတ်လား)။

၁၁။ ထမင်းအိုး ဘယ်မှာလဲ။

၁၂။ မီးဖိုပေါ်က(မှ) ထမင်းအိုး ချလိုက်ပါ။

၁၃။ ချပြီးယင် တစ်ခါလောက် ယောက်မနှင့် မွှေလိုက်ပါ။

၁၄။ မင်းဟာ ထင်းလဲမခွဲဘဲကိုး (မခွဲအပ်ဘဲကိုး)။

၁၅။ လူအ,လို မှိုင်မနေနဲ့, ငါမကြိုက်ဘူး။

ကြည့်ရှုရန်

၁၁။ ဘယ်မှာလဲ(ဘယ်အရပ်၌နည်း)–ကဟံ(ကတ္ထ)။ ၁၂။ ချ–သြရောပ။ ၁၃။ ချအပ်–သြရောပိတ။ ၁၅။ ပညာနည်းသူ(လူအ)–မန္ဒော။ ကြဲမှိုင်(မှိုင်တွေ)–စျာယ(ပစ္စျာယ)။ မန္ဒောဝ(မန္ဒော+ဣဝ)။ မှိုင်မနေနဲ့–မာ စျာယိ (မာ ပစ္စျာယိ)။ ငါ့အားမနှစ်သက် (ငါမကြိုက်)–န မေ ရုစ္စတိ။

၅။ ယာဝပက္ကသမယာ ကထာသလ္လာပေါ

[ဆွမ်းကျက်ချိန်အထိ စကားပြောပုံ]

၁။ အဂ္ဂိ ဇာလေဟိ, အလာတံ ဥက္ခိပ။

၂။ အဂ္ဂိ ဘန္တေ ဇလတေဝ။

၃။ နိဿာဝံ ပရိဿာဝေဟိ။

၄။ ပရိဿာဝိတော ဘန္တေ နိဿာဝေါ။

၅။ တေန ဟိ အဂ်ါရာနံ ဥပရိ ဥက္ခလိံ ထပေတွာ သေဒေဟိ။

၆။ နာ အာဂတော ဘန္တေ ဥသ္မာ။

၇။ ယဒိ ဇဝံ ဥဒကေန ပရိပ္ဖေါသေတွာ ပုန သေဒေဟိ။

၈။ ပက္ကံ မညေ, ဝိမံသာဟိ။

၉။ ဒဿေဟိ အာဝုသော, ဟာ... နာ ပစ္စတိ, ဥတ္တဏ္ဍုလမေဝ။

၁၀။ ဇဝံသတိ ကိ ကာတဗ္ဗံ။

၁၁။ နာ.ဟံ ဇာနာမိ, တွမေဝ ယထာနုရူပံ ကရောဟိ။

ကြည့်ရှုရန်

၁။ ဇာလေ–တောက်စေ။ အလာတံ–မီးစ(ထင်းစ)။ ဥက္ခိပ–မြှောက်(ထိုး)။ ၂။ဇလေ–တောက်။ ၃။နိဿာဝ–ထမင်းရေ။ ပရိဿာဝ–စစ်(ငဲ့)။ ၄။ ပရိဿာဝိတ–စစ်အပ်။ ၅။အဂ်ါရ–မီးကျီး။ ဥပရိ–အထက်၌၊ထပ–ထား။ သေဒေ–အငွေ့ပြု(နှပ်)။ ၆။ ဥသ္မာ–အငွေ့။ ၇။ ပရိပ္ဖေါသ–ထက်ဝန်းကျင်ထိစေ(ဖျန်း)။ ၈။ ပက္က–ချက်အပ်(ကျက်,နှပ်)။ မညေ–သိ(ထင်)၏။ [တချို့နေရာ၌ နိပါတ်လည်းရှိ]။ ဝိမံသ–စုံစမ်း(စမ်းကြည့်)။ ၉။ ဒဿေ–မြင်စေ(ပြ)။ ဥတ္တဏ္ဍုလံ–အထက်၌ ဆန်ရှိ(မနပ်)။ ၁၀။ ဇဝံသတိ–ဤသို့ဖြစ်လသော် (ဒီလိုဆိုယင်)။ ၁၁။ ဇာနာ့မိ–သိ၏။ ယထာရူပံ–သင့်သည်အားလျော်စွာ (သင့်သလို)။

၁၂။ ကဒံ ကီဒိသံ, မယာ ဥဒကေန ပရိပ္ပေါ်သေတ္တာ ပုန သေဒိတံ။

၁၃။ ကဒံ ဥတ္တာဏ္ဏုလံ, ကဒံ ပန အတိကိလိန္ဒံ။

၁၄။ ဧဝံသတိ အဇ္ဇ သမပါကံ ကာတုံ နု သက္ကာ, သွေဝ သာဓုကံ ပစိဿာမိ။

၁၅။ ဟောတု အာဝုသော, ဘိက္ခုသာမဏေရာ ကမေဝ ပရိဘုဉ်ဿန္တိ၊ သမတ္တံ နနု အာဝုသော ပစနကိစ္စံ။

၁၆။ ဧဝံ ဘန္တေ။

၁၇။ ယဒိ ဧဝံ အဂ်္ဂီဇာလံ ဝိဇ္ဈာပေဟိ, အဂ်ါရေပိ နိဗ္ဗာပေဟိ။

၁၈။ အာမ ဘန္တေ။

(က) ဥတ္တာဏ္ဏုလံ ကိလိန္ဒန္တိ, ဘတ္တံ ဒါနိ.ဝမညရေ၊
ပေါရာဏာ ယထာလဒ္ဓေန, ထေရာ ယာပေန္တိ သာသနေ။

၁၂။ ကီဒိသ–အဘယ်ကဲ့သို့ ရှုအပ်(ဘယ်လိုနေ)။ သေဒိတ–နှပ်အပ်။ ၁၃။ အတိကိလိန္ဒံ–အလွန်စို (အလွန်ပျော့)။ ၁၄။ အဇ္ဇ–ယနေ့။ သမပါက–အညီအမျှကျက်။ သက္ကာ–တတ်နိုင် (စွမ်းနိုင်, ဖြစ်နိုင်)။ [နိပါတ်, အာချာတ်ပုဒ်ဖြင့် သက္ကောမိ ဟုလည်းသုံး]။ သွေ–နက်ဖန်။ ၁၅။ ဟောတု–ဖြစ်ပစေ(ရှိပစေ)။ ဘုဉ္ဇ (ပရိဘုဉ္ဇ)–စား(ဘုဉ်းပေး)။ သမတ္တ–ပြီး။ ၁၇။ အဂ်္ဂီဇာလံ–မီးတောက်။ ဝိဇ္ဈာပေ–ငြိမ်းစေ။ နိဗ္ဗာပေ–ငြိမ်းစေ(အေးစေ)။ [မီးတောက်မရှိရုံ မီးမတောက်ရုံ ငြိမ်းခြင်းကို "ဝိဇ္ဈ"နှင့် သုံး၍, လုံးဝမီးမကျန်အောင် ငြိမ်းခြင်းကို "နိဗ္ဗ"နှင့်သုံးပါ]။

(က) ဒါနိ–ယခုအခါ၌ (ယခုကာလ၌)၊ ဘတ္တံ–ကို၊ ဥတ္တာဏ္ဏုလံ ကိလိန္ဒံ–မနပ်ဟူ၍လည်းကောင်း၊ ကိလိန္ဒံ ကတိ–ပျော့၏ဟူ၍လည်းကောင်း၊ အဝမညရေ–အောက်ချထင်ကြကုန်၏၊ ဝါ–အထင်သေးကြကုန်၏၊ သာသနေ–၌၊ ပေါရာဏာ–ရှေး၌ဖြစ်ကုန်သော၊ ထေရာ–ထေရ်တို့သည် (ဘုန်းတော်ကြီးများသည်)၊ ယထာလဒ္ဓေန–အကြင်အကြင် **ရအပ်သောဆွမ်းဖြင့်** (ရသမျှဖြင့်)၊ ယာပေန္တိ–ရှည်သောကာလသို့ ရောက်စေကြကုန်၏ (မျှတတော်မူကြကုန်၏)။

ပါဠိစီရန်

၁။ မီးတောက်ပစေ။

၂။ မီး အတောက်သားဘဲ။

၃။ ထမင်းရေ ငဲ့ချိန်တန်ပြီ။

၄။ ထမင်းအိုး နှပ်လိုက်ပါ။

၅။ အငွေ့ရရဲ့လား (လာရဲ့လား)။

၆။ ရေနဲ့ဖျန်းပြီး နှပ်လိုက်ပါ။

၇။ မကျက်သေးဘူး ထင်တယ်, စမ်းကြည့်စမ်းပါ။

၈။ ပြစမ်းပါ, ဟာ... ကျက်ပါပကော။

၉။ ဒီထမင်း မနပ်ဘူး, ဒီထမင်းကတော့ ပျော့တယ်။

၁၀။ နက်ဖန်ကျတော့ ဖကောင်းကောင်း ချက်စမ်းပါ။

၁၁။ မီးတောက်ကို မငြိမ်းပါနဲ့ (မငြိမ်းစေပါနဲ့)။

၁၂။ ယခုကာလ ဘုန်းကြီးများ ရတတ်သရွေ့နဲ့ မမျှတနိုင်ကြဘူး။

ကြည့်ရှုရန်

၃။ ထမင်းရေငဲ့ချိန်တန်ပြီ–ကာလော နိဿဝံ ပရိဿာဝေတုံ။ ၁၂။ ရှည်သောကာလသို့ ရောက်စေ (မျှတ)–ယာပေ။

၅။ ပါတရာသဝေလာယံ ကထာသလ္လာပေါ

[နံနက်ဆွမ်းစားချိန် စကားပြောပုံ]

“ ဒေါင်.... ဒေါင်.... ”

၁။ သုဏာ ဘန္တေ ကိံသဒ္ဒေါ။

၂။ ပါတရာသဝေလာ အာဝုသော, တသ္မာ ဘတ္တဂ္ဂေ ဘတ္တသဇ္ဇနတ္ထာယ ကာလာရောစနသဒ္ဒေါ.ယံ။

၃။ န ပဟတော နု သဇ္ဇေတွာ နိဋ္ဌိတကာလေ။

၄။ သဇ္ဇေတွာ နိဋ္ဌိတကာလေပိ ဒသဝါရမတ္တံ အယောဒဏ္ဍံ ပဟရိသတိ။

ဒေါင်.... ဒေါင်.... [၁၀-ချက်]ခန့်

၅။ သစ္စံ ဘန္တေ, ဣဒါနေဝ ပဟတောဿ။

၆။ အယံ ဘတ္တဘုဉ္ဇနတ္ထာယ ကာလာရောစနသဒ္ဒေါ, ဂစ္ဆာမ ဘတ္တဂ္ဂံ။

၇။ အာရောစေတု မေ ဘန္တေ ဘတ္တဂ္ဂဝတ္တံ။

၈။ ဟတ္ထဉ္စ မောဝိတွာ မုခဉ္စ ဝိက္ခာလေတွာ ပတ္တောစေဝ ဘာဇနံ စ ဝါမဟတ္ထေန ပဋိဂ္ဂဟေတဗ္ဗံ။

ကြည့်ရှုရန်

၁။ သုဏာ-ကြား(နားထောင်)။ ကိံသဒ္ဒေါ-အဘယ်အသံနည်း (ဘာသံပါလိမ့်)။ ၂။ ဘတ္တဂ္ဂ-ဆွမ်းကိုယူရာအရပ် (ဆွမ်းစားဇရပ်, ဆွမ်းစားကျောင်း)။ ဘတ္တသဇ္ဇနတ္ထ (ဘတ္တ+သဇ္ဇန+အတ္ထ)- ဆွမ်း + ပြင်ဆင်ခြင်း + အကျိုး။ ကာလာရောစနသဒ္ဒ (ကာလ+အာရောစန+သဒ္ဒ)- အချိန်ကို+ပြောကြောင်း+အသံ (အချိန်ပြောတဲ့အသံ, အချက်ပေးသံ)။ ၃။ နိဋ္ဌိတ-ပြီး။ ၄။ အယောဒဏ္ဍ-သံချောင်း။ ၆။ဘုဉ္ဇန-စားခြင်း။ ၈။ဟတ္ထ-လက်။ ဝိက္ခာလေ-ဆေး(ပလုတ်ကျင်း)။ ဘာဇန-ခွက် (ပန်းကန်)။ ဝါမဟတ္ထ-လက်ဝဲလက် (ဘယ်ဘက်လက်)။

၉။ သစေ ဘုဉ္ဇမာနသ ယဲကိဉ္စိ ဥပနာမေတိ, ကိ ကာတဗ္ဗံ။

၁၀။ ဟတ္ထပါသံ ပါပေတွာ ပဋိဂ္ဂဟေတဗ္ဗံ။

၁၁။ ဘုဉ္ဇမာနေန ကိ ကာတဗ္ဗံ။

၁၂။ ဘုဉ္ဇမာနေန သေခိယဝတ္တံ ပူရေတွာ ပဋိသခ်ါ ယောနိသော ခါဒနီယံ စ ခါဒိတဗ္ဗံ, ဘောဇနီယံ စ ဘုဉ္ဇိတဗ္ဗံ။

၁၃။ ကေသုစိ ဝိဟာရေသု "ဣဓ သူပံ ဒေထ, ဣဓ ဗျဉ္ဇနံ ဒေထာ"တိ ကထာသဒ္ဒေဟိ စေဝ ကဋ္ဌဆ္ဆေဒါတိသဒ္ဒေဟိ စ ဘတ္တဂ္ဂေ အတိဝိယ ကောလာဟလော ဟောတိ, ကစ္စိ ဘန္တေ ဣမေပိ ဧဒိသောဝ ဟောတီ။

၁၄။ နယိဓ ကောလာဟလော ဟောတိ, သမ္ဗေ တုဏှီဘူတာ ပဋိသခ်ါယ ယောနိသော ဘုဉ္ဇန္တိ။

၁၅။ ပမောဒါမိ ဘန္တေ ဘတ္တဂ္ဂဝတ္တံ သုတ္တာ။

[ပုတ္တောကိုမငဲ့ဘဲ ဘာဇနံဟူသော ကံကိုငဲ့၍ ပဋိဂ္ဂဟေတဗ္ဗံ ဟုရှိသည်]။ ပဋိဂ္ဂဏှာ (ပဋိဂ္ဂဟ)–ခံယူ (အကပ်ခံ)။ ပဋိဂ္ဂဟိတ–အကပ်ခံအပ်။ ၉။ ဘုဉ္ဇမာနော–ဆွမ်းစားသူ(စားနေစဉ်)။ ယဲကိဉ္စိ–အမှတ်မထားတပါးပါး။ ဥပနာမ–အနီးသို့ ညွတ်စေ(ကပ်)။ ၁၀။ ဟတ္ထပါသ–ဟတ္ထပါသ် (လက်၏အနီး နှစ်တောင့်ထွာ အရပ်)။ ပါပေ–ရောက်စေ။ ၁၂။ ပူရေ–ပြည့်စေ။ ခါဒနီယံ–ခဲဘွယ်။ ဘောဇနီယံ–ဘောဇဉ်။ ခါဒ–ခဲ(စား)။ ၁၃။ ကေသုစိ–အချို့ကုန်သော။ ဣဓ–ဤဆွမ်းပွဲ၌။ သူပ–ပဲဟင်းစသည်။ ဗျဉ္ဇန–အသားဟင်း (သား ငါးစသည်)။ ကထာသဒ္ဒ–စကားသံ။ ကဋ္ဌ–ဖွန်း။ ပါတိ–ခွက်။ အတိဝိယ–အလွန်အကဲ (လွန်လွန်ကဲကဲ)။ ကောလာဟလော–ဆူဆူညံညံအသံ။ ကစ္စိ–အဘယ်သို့နည်း။ ၁၄။ တုဏှီဘူတ–ဆိတ်ဆိတ်ဖြစ် (တိတ်တိတ်ဖြစ်)။ ၁၅။ ပမောဒ–ဝမ်းမြောက်။ သုတ္တာ–ကြား၍။

(က) ယေဘုယျေန ဘတ္တာဂ္ဂမ်ိ,
ကဋ္ဌစ္ဆုိဟိ ကထာဟိ စ၊
ကောလာဟလော ယထာ ဟောတိ,
တထာ မာ ဟောတု သော ဂ္ဂဓ။

(ခ) သေယျော အယောဂုဇ္ဈော ဘုတ္တော,
ဘုတ္တော အဂ္ဂိသိခူပမော၊
ယဿေ ဘုဇ္ဈေယျ ဒုဿီလော,
ရဋ္ဌပိဏ္ဍံ အသညတော။

ပါဠိမိန့်

၁။ နားထောင်ကြစမ်း, ဘာသံပါလိမ့်။
၂။ အချိန်ပြောတဲ့ အသံဘဲ။
၃။ ဆွမ်းပြင်ပြီးတဲ့အခါလဲ ခေါက်သေးသလား။
၄။ လက်တို့ကိုလဲ ဆေးပါ, ပါးစပ်ကိုလဲ လုတ်ကျင်းပါ။
၅။ သူ ဆွမ်းကပ်နေတယ်, အကပ်ခံလိုက်ပါ။

(က) ယေဘုယျေန–များသောအားဖြင့်၊ ဘတ္တာဂ္ဂမ်ိ–၌၊ ကဋ္ဌစ္ဆုိဟိ–စွန်းသံတို့ဖြင့်လည်းကောင်း၊ ကထာဟိ စ–စကားပြောသံတို့ဖြင့်လည်းကောင်း၊ ကောလာဟလော–သည်၊ ဟောတိ ယထာ–ကဲ့သို့၊ တထာ–တူ၊ သော–ထို ဆူညံသည်၊ ဂ္ဂဓ–ဤဆွမ်းစားကျောင်း၌ (ဤကျောင်းတိုက်၌)၊ မာ ဟောတု–မဖြစ်ပါစေနှင့်။

(ခ) တတ္တော–လောလော(အလွန်)ပူသော၊ အဂ္ဂိသိခူပမော–မီးတောက်မီးလျှံ ဥပမာရှိသော (မီးတောက်မီးလျှံနှင့်တူသော)၊ အယောဂုဇ္ဈော–သံတွေခဲသည်၊ ဝါ–ကို၊ ဘုတ္တော–စားအပ်သည်၊ (သမာနော–သော်)၊ သေယျော–မြတ်ပါသေး၏ (တော်ပါသေး၏)၊ ဒုဿီလော–သီလမရှိသော ရဟန်းသာမဏေသည်၊ ရဋ္ဌပိဏ္ဍံ–တိုင်းပြည်၏ဆွမ်းကို၊ အသညတော–ကိုယ်နှုတ်စိတ်ကို မစောင့်စည်းဘဲ၊ ဘုဉ္ဇေယျ–အံ့၊ ယဿေ သေယျော–မမြတ်သည်သာ။ [ယဿေ သည် ပဋိသေဓ အနက်ဟော နိပါတ်၊ ဓမ္မပဒ ၌ ၂–၂၂၉]

၆။ ဟတ္ထပါသ်သို့ရောက်အောင် ချဉ်းကပ်ပါ (ဟတ္ထပါသ်သို့ ရောက်စေပါ)။

၇။ ဆွမ်းလုပ်ကို ဝန်းဝိုင်းအောင် ပြင်ပါ။

၈။ ဒီမှာ ဆွမ်း လိုက်ကြပါဦး။

၉။ ဆွမ်းစားကျောင်းက တယ် ဆူညံသ်ကိုး။

၁၀။ ဇွန်းနဲ့ခွက်ကို ပြင်းစွာ မထိခိုက်ပါစေနှင့်။

၁၁။ တိတ်တိတ် စားကြပါ။

၁၂။ သံတွေခဲကို စားရသည်က တော်ပါသေးတယ်, မစောင့်စည်းဘဲ ရွာ၏ ဆွမ်းကိုစားခြင်းမှာ မတော်ပါ။

၇။ ဘတ္တကိစ္စပရိယောသာနေ ကထာသလ္လာပေါ်

[ဆွမ်းစားပြီးချိန် စကားပြောပုံ]

၁။ ဘတ္တကိစ္စပရိယောသာနေ ကိ ကာတဗ္ဗံ။

၂။ ပတ္တဓောဝနာဒ္ဒာနံ ဂန္ဆာ အတ္တနော ပတ္တော ဓောဝိတဗ္ဗော။

၃။ ကေသုစိ ဝိဟာရေသု ဓောဝနဒ္ဒာနေဝိ ယံ ဝါ တံ ဝါ မုခါ.ရုဇ္ဇာကထံ ကထေန္တိ, ကိ ပန ဘန္တေ ဣဓာပိ ဧဝမေဝ ဟောတိ။

ကြည့်ရှုရန်

၁။ ပရိယောသာနံ–အဆုံး(အပြီး)။ ဘတ္တကိစ္စပရိယောသာနံ–ဆွမ်းကိစ္စ၏ ပြီးဆုံးရာအခါ (ဆွမ်းစားအပြီး)။ ၂။ ပတ္တဓောဝနဒ္ဒာနံ–သပိတ်ဆေးရာအရပ်။ ၃။ ယံ ဝါ တံ ဝါ–အမှတ်မထား တပါ ပါးသော (ဟိုဟိုဒီဒီ, တော်စွာလျော်စွာ, တောင်ရောက် မြောက်ရောက်, သတ်မှတ်ချက် ဦးတည်ချက်မရှိသော)။ ကိ ပန ဘန္တေ–ဘယ်လိုပါလဲ အရှင်ဘုရား။ ဧဝမေဝ ဟောတိ– ဒီလိုပါဘဲလား။

၄။ နယိဓ အာစရိယော အနုဇာနာတိ တာဒိသံ (ကထံ) ကထေတုံ။

၅။ ယဒိ အာစရိယော နာနုဇာနာတိ, န ကထေန္တိ နု ဒဟရသာမဏေရာ ယံ ဝါ တံ ဝါ မုခါ.ရုဠ္ဟာကထံ။

၆။ ဧဝံ အာစရိယေန ဝါရိယမာနာပိ ဒဟရသာမဏေရာ ကထေန္တိယေဝ ယံ ဝါ တံ ဝါ မုခါ.ရုဠ္ဟာကထံ။

၇။ ဧဝံ နု။

၈။ ဧဝမေဝ။

၉။ အဟော အစ္ဆရိယော ဝါနေယျကာနံ ဒုဗ္ဗစဘာဝေါ။

၁၀။ အာမ အာဝုသော။

၁၁။ ယေဘုယျေန ဘာဇနမောဝဒဏ္ဍာဇေန ဥစ္ဆိဋ္ဌောဒကေန စန္ဒနိကာ ဝိယ ဟောတိ, ဣဓ ပန ကိံ ဟောတိ။

၁၂။ ဣဓ ပန သသိတ္ထကံ ဘာဇနမောဝနံ ဗဟိအာရာမံ ဆဍ္ဍေန္တိ, အသိတ္ထကံ ပန ရဇ.ဋ္ဌာနဋ္ဌာနေ ဝါ မာလာဝစ္ဆေသု ဝါ ဩသိဉ္စန္တိ။

၄။ နာနုဇာနာတိ (န အနုဇာနာတိ)–ခွင့်မပြု၊ ၅။ ဒဟရော–ငယ်သော(ငယ်သူ)။ ၆။ ဝါရိယမာန–တားမြစ်အပ်။ ကထေန္တိယေဝ–ပြောကြတာပါဘဲ။ ၇။ ဧဝံ နု–ဒီလိုဘဲလား။ ၈။ ဧဝမေဝ–ဒီလိုဘဲ။ ၉။ အဟော–အော်။ အစ္ဆရိယော–အံ့ဩထိုက် (အံ့ဩစရာကောင်း၏)။ ဝါနေယျကော–တောင်ခံဖြစ်သူ (ကျေးတောသား)။ ဒုဗ္ဗစဘာဝေါ–ခဲယဉ်းသဖြင့် ပြောဆိုထိုက်သော စကားရှိသူ၏အဖြစ် (အပြောရ အဆိုရ ခက်သူ၏အဖြစ်)။ ၁၁။ ဘာဇနံ–ခွက်(သပိတ်စသည်)။ ဥစ္ဆိဋ္ဌောဒကံ (ဥစ္ဆိဋ္ဌ+ဥဒကံ)–ဆေးရေ,ကြောရေ,ပါးစပ်ဆေးရေ(လုပ်ဆေးရေ)။စန္ဒနိကာ–ရေပုတ်အိုင်(ဗွက်အိုင်)။ ၁၂။သသိတ္ထကံ–ဆွမ်းလုံး(ထမင်းလုံး)နှင့် တကွဖြစ်။ ဘာဇနမောဝနံ–ခွက်ဆေးရေ။ ဗဟိအာရာမံ–အာရာမ် (ကျောင်းတိုက်)၏ အပြင်ဘက်။ ဆဍ္ဍေ–စွန့်ပစ်(သွန်)။ အသိတ္ထကံ–ဆွမ်းလုံး(ထမင်းလုံး) မရှိ(မပါ)သော ရေ။

၁၃။ ကိ ပန ဘန္တေ သြဋ္ဌာရိကဓောဝနမတ္တေနေဝ ဓောဝနကိစ္စံ နိဋ္ဌာတိ။

၁၄။ နာဂုသော တတ္တကမတ္တေန နိဋ္ဌာတိ, ပုန နှာနီယပိဏ္ဍိယာ ဥဗ္ဘင္ရေတွာ ဓောဝိတဗ္ဗော။

၁၅။ တတော ပရံ ကိ ကာတဗ္ဗံ။

၁၆။ တတော ပရံ ပတ္တပုဉ္ဆနေန ပုဉ္ဆိတ္ဝာ ပတ္တထဝိကာယံ ပက္ခိပိတဗ္ဗော ကာလေ သမ္ပတ္တေ ပိဏ္ဍာယ စရိတုံ, အပိတု ဣမသ္မိ ဝိဟာရေ ပါတရာသဘတ္တပရိယောသာနေ သြဝါဒ ပဋိဂ္ဂဟဏတ္ထာယ စေဝ ဥဂ္ဂဟေတဗ္ဗသ္သ စ ဂန္ထသ္သ ဥဂ္ဂဟဏတ္ထာယ ပတ္တပုဉ္ဆနပရိယောသာနေ အာစရိယုပဇ္ဈာနံ ဂစ္ဆန္တိ။

ရဇ့္ဇာနဇ္ဇာနံ (ရဇ+ဥဇ္ဇာန+ဇ္ဇာနံ)–မြူမှုန်တို့၏+ထရာ+အရပ် (ဖုန်ထသောနေရာ)။ မာ့လာဝစ္ဆ–ပန်းပင်ငယ် (သစ်ပင်ငယ်)။ သြသိဠ–သွန်(လောင်း)။ ၁၃။ သြဋ္ဌာရိက ဓောဝနမတ္တ–အကြမ်းဆေးရုံမျှ။ နိဋ္ဌာတိ–ပြီး၏။ ၁၄။ တတ္တကမတ္တ–ထိုမျှလောက်။ နှာနီယပိဏ္ဍိ–ဆပ်ပြာခဲ။ ဥဗ္ဘင္ရေ (ဥ+ဝင္ရေ)–အထက်၌+ချာချာလည် (ပွတ်တိုက်) [ဝကို ဗပြု ဒွေဘော်လာ]။ ၁၆။ ပတ္တပုဉ္ဆနံ–သပိတ်သုတ်ပုဝါ။ ပုဉ္ဆ–သုတ်။ ပတ္တထဝိကာ–သပိတ်အိတ်။ ပက္ခိပ–ထည့်(စွပ်)။ သမ္ပတ္တ–ရောက်(ကျ)။ ပိဏ္ဍော–ဆွမ်း။ အပိတု–သို့သော်လည်း(သို့ရာတွင်)။ သြဝါဒပဋိဂ္ဂဟဏ–သြဝါဒကို ခံယူခြင်း။ ဥဂ္ဂဟေတဗ္ဗ–သင်ယူထိုက်။ ဂန္ထော–ကျမ်းဂန်(ကျမ်းစာ)။ ဥဂ္ဂဟဏ–သင်ယူခြင်း။ အတ္ထော–အကျိုး။ အာစရိယုပဇ္ဈာနံ–ဆရာတော်ကို ဆည်းကပ်ရာအရပ်သို့ (ဆရာတော်ကို ဆည်းကပ်ခြင်းအကျိုးငှာ)။ ၁၈။ သံသုဒ္ဓ–စင်ကြယ်(သန့်ရှင်း)။

၁၇။ ကိ ပန ဘန္တေ ပတ္တထဝိကာယံ ပက္ခိပိတွာ ပုန ဓောဝိတဗ္ဗော။

၁၈။ ပတ္တထဝိကာယံ ပက္ခိပိတွာပိ အန္တောပတ္တေ သံသဋ္ဌဥဒကံ အာကိရိတွာ အာလောဠေတွာ သြသိဉ္စိတဗ္ဗံ, ဝိနယဓရာ ပန ဘိက္ခူ။ ဧဝံ ကတွာပိ ပတ္တံ ပုန ပဋိဂ္ဂဏှန္တိ။

(က) ဟိတွာ[1] သတပလံ သက်သံ, သောဝဏ္ဏံ သတရာဇိကံ၊ အဂ္ဃိ မတ္တိကာပတ္တံ, တံ ဒုတိယာဘိ.သေစနံ။

(ခ) ဧဝံ.ဘိသေကာဘဏ္ဍံဝ, ဗုဒ္ဓါဒီဟိ မမာယိတံ၊ တံ ပတ္တံ နာ.တိမညေယျ[2], သဒ္ဓါပဗ္ဗဇိတော ယတိ။

အာကိရ-လောင်း (ထည့်)။ အာလောဠေ-လှုပ် (ကျင်း, ခလောက်)။ ဝိနယဓရော-ဝိနည်းကို ဆောင်သူ (ဝိနည်းဓိုရ်)။

(က) သတပလံ-ပိုလ်ချိန်တစ်ရာ (လေးပိဿာ)ရှိသော၊ သုဝဏ္ဏံ-ရွှေဖြင့်ပြီးသော။ သတရာဇိကံ-အနှားရေး (အနှားရစ်) တစ်ရာရှိသော။ ကံသံ-လင်ပန်းကို (နန်းသုံးစားခွက်ကို)။ ဟိတွာ-စွန့်၍ [ဘုတွာရှိမူ သုံးစွဲပြီး၍]။ မတ္တိကာပတ္တံ-မြေသပိတ်ကို။ ယံ အဂ္ဃိ-အကြောင်ကိုင်ယူပြီ။ တံ-ထိုမြေသပိတ်ကို ကိုင်ယူခြင်းသည်။ ဒုတိယာဘိသေစနံ-ဒုတိယအကြိမ် အဘိသိက် သွန်းခြင်းပေတည်း။ [မဟာဇနကဇာတ်တော်]

(ခ) ဧဝံ-သို့၊ အဘိသေကာဘဏ္ဍံဝ-အဘိသိက်ခံအပ်ပြီးသော ဘဏ္ဍာကဲ့သို့။ ဗုဒ္ဓါဒီဟိ-ဘုရားအစရှိသော အရှင်မြတ်တို့သည်။ မမာယိတံ-ငဲ့ညှာဟု

၁- ဘုတွာ (မူကွဲ) ၂- နာဒမညေယျ (မူကွဲ)

ပါဠိုစိစ်ရန်

၁။ သပိတ်ဆေးတဲ့ နေရာ သွားပြီး သပိတ် ဆေးပါ။

၂။ တော်စွာလျော်စွာ နှုတ်တက်ရာရာ စကားကို မပြောပါနဲ့။

၃။ ဒီလို စကားပြောဘို့ရာ ဆရာက ခွင့်မပြုဘူး။

၄။ ဆေးရေကြောရေကြောင့် ဗွက် ဖြစ်နေတယ်။

၅။ ထမင်းလုံးမပါတဲ့ ရေကို ဖုန်ထတဲ့နေရာမှာ လောင်းပါ။

၆။ အကြွမ်းဆေးရုံနဲ့ မပြီးသေးဘူး။

၇။ ဆပ်ပြာခဲနဲ့ ပွတ်တိုက်ပြီး သပိတ်ကို ဆေးပါဦး။

၈။ သပိတ်သုတ်ပုဝါနဲ့ သုတ်ပါ, သပိတ်အိပ်ထဲ ထည့်ပါ။

၉။ သပိတ်အိပ်ထဲ ထည့်ပြီး နောက်ထပ် ဆေးပါဦး။

၁၀။ ရေလောင်းထည့်ပြီး လှုပ်လဲ့ သွန်ပါ။

၁၁။ သင့် သပိတ် သံသပိတ်လား, မြေသပိတ်လား။

၁၂။ သပိတ်ကို အထင်မသေးပါနဲ့။

ပြုအပ်သော (မြတ်နိုးအပ်သော)။ တံ ပတ္တံ-ကို။ သဒ္ဓါပဗ္ဗဇိတော-သဒ္ဓါဖြင့် ရဟန်းအဖြစ်သို့ ကပ်ရောက်ခဲ့သော။ ယတိ-သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည်။ နာ.တိမညေယျ (နာ.ဝမညေယျ)-မထေမဲ့မြင် မမှတ်ထင်ရာ (အထင်မသေးရာ)။

ကြည့်ရှုရန်

၁၁။ သံသပိတ်- အယောပတ္တော။ မြေသပိတ်- မတ္တိကာပတ္တော။

၈။ ဘိက္ခာစရဂေလာယံ ကထာသလ္လာပေါ

[ဆွမ်းခံချိန် စကားပြောပုံ]

၁။ ကတိနာဠိကာ ဟေ။

၂။ ဆန္နာဠိကာ ဘန္တေ။

၃။ ဝေံသတိ ဘိက္ခာစရဂေလာ ဥပကဋ္ဌာ, ပတ္တံ သဇ္ဇေဟိ။

၄။ နု တာဝ မေ ပတ္တော ဓောဝိတော။

၅။ ကဿာ ကာလသေသဝ နု ဓောဝိတော၊ ဣဒါနေဝ ဓောဝ, ဓောဝိတ္တာ ပတ္တထဝိကာယံ ပက္ခိပ။

၆။ သဇ္ဇိတော မေ ဘန္တေ ပတ္တော၊

၇။ တေနဟိ အာယာမ, နဂရံ ပိဏ္ဍာယ ပဝိသိဿာမ။

၈။ သုဏာဟိ နု ဘန္တေ ဣဒံ နဂရံ ဥဠ္ဠောန ပဂ္ဂဟေန ယာပေတဗ္ဗံ။

၉။ နု သုဏာဟိ အာဝုသော, တွံ စရန္တော “အတိစ္ဆထ ဘန္တေ”တိ သဒ္ဒံ ဗဟုံ သုဏိဿသိ။

ကြည့်ရှုရန်

၁။ နာဠိကာ–နာရီ။ ဟေ–ဟေ့(ဟေး)။ ၃။ ဘိက္ခာစရာဂေလာ–ဆွမ်းအကျိုးငှာလည့်လည်ရာအချိန် (ဆွမ်းခံချိန်)။ ၅။ ကာလသေသ–စောစောကပင်။ ၇။ အာ+ယာမ–လာ, သွားကြစို့။ ၈။ ဥဠ္ဠော–အရိယာနည်း ဆွမ်းရှာမှီးခြင်း။ ပဂ္ဂဟော–လက်ဖြင့် ပွေ့ယူအပ်သော ဥပိတ် (ဆွမ်းကိုခံယူကြောင်း သပိတ်)။ ၉။ အတိစ္ဆထ ဘန္တေ (အတိ+ဣစ္ဆထ+ဘန္တေ) ဣ(ဒီ)အိမ်ကို ကျော်လွန်၍ ထိ(ဟိ)အိမ်၌ အလိုရှိတော်မူကြပါဘုရား (ကန်တော့ဆွမ်းပါဘုရား)။

၁၀။ ငံ နု ဘန္တေ့။

၁၁။ ငဝမေဝ အာဝုသော။

၁၂။ နု လဇ္ဇတိ နု ပိဏ္ဍော ယာပနမတ္တမ်ိဳ့။

၁၃။ ယာပနမတ္တံ ပန လဇ္ဇတိ, အပိတု အတိပါတော ဂန္တွာ အတိဒိဝါ ပစ္ဆာဂစ္ဆတိ။

၁၄။ အတိဒုက္ကရံ ဘန္တေ့။

၁၅။ ဝဝမေဝ အာဝုသော။

၁၆။ ပိဏ္ဍာယ ဂစ္ဆန္တေန ပန ကထံ ဂန္တဗ္ဗံ။

၁၇။ ပိဏ္ဍာယ ဂစ္ဆန္တေနာ.ဝုသော ပရိမဏ္ဍလံ နိဝါသေတွာ သုပ္ပဋိစ္ဆန္နံ ပါရုပိတွာ သြက္ခိတ္တစက္ခုနာ ဂန္တဗ္ဗံ, နု ပန အန္တရဝါသကဉတ္တရာသင်္ကေ ပုရတော ဝါ ပစ္ဆတော ဝါ သြလမ္မေန္တေန တဟံ တဟံ သြလောကေန္တေန ဂန္တဗ္ဗံ။

၁၈။ ဣဒံ သေခိယဝတ္တံ အဟမ်ိဳ့ ဇာနာမိ။

၁၂။ လဇ္ဇ–ရအပ်။ ၁၃။ ယာပနမတ္တံ–မျှတလောက်ရုံ (လောက်ငရုံ)။ အတိပါတော–အလွန်စောစော၌။ အတိဒိဝါ–အလွန်နေမြင့်မှ။ ပစ္ဆာဂစ္ဆ–ပြန်လာ။ ၁၄။ အတိဒုက္ကရံ–အလွန်ခဲယဉ်း။ ၁၇။ ပရိမဏ္ဍလံ–ထက်ဝန်းကျင် ဝန်းဝိုင်းစွာ (ပဆစ်ဒူးဝန်းနှစ်ဖက်နှင့် ချက်ဟူသော သုံးပါးသော အဝန်းအဝိုင်းကို ဖုံးအုပ်၍)။ နိဝါသေ–ဝတ်။ ပါရုပ–ခြုံ (ရုံ, ယမ်း)။ သုပ္ပဋိစ္ဆန္နံ–လည်ပင်းလက်ကောက်ဝတ်တို့ကို ကောင်းစွာဖုံးလွှမ်းအပ်သည် မည်လောက်အောင်။ သြက္ခိတ္တစက္ခု–လေးတောင်ခန့်မျှ ကြည့်သောအားဖြင့် အောက်၌ချအပ်သော မျက်လွှာရှိ။ အန္တရဝါသကော–သင်းပိုင်။ ဥတ္တရာသင်္ကေါ–ဧကသီ။ ပုရတော–ရှေ့၌ (ရှေ့က)။ သြလမ္မေန္တော–တွဲလျားကျစေ (ဒေါက်တိမောက်ခြုံကဲ့ ဖြစ်စေ)။ တဟံ တဟံ–ထိုထိုအရပ် (ဟိုဟိုဒီဒီ)။ သြလောကေန္တေန–ကြည့်။

(က) ပစ္စတိ မုနိနော ဘတ္တံ, ထောကံ ထောကံ ကုလေ ကုလေ၊
ပိဏ္ဍိကာယ စရိဿာမိ, အတ္ထိ ဇယံဗလံ မမ။

(ခ) ကဒ္ဒါ.ဟံ သတ္တာဟသမ္မဃေ, ဩဝဒ္ဒေါ အလ္လစီဝရော၊
ပိဏ္ဍိကာယ စရိဿာမိ, တံ ကုဒါဿု ဘဝိဿတိ။

(ဂ) ကုတော လဇ္ဇာ ကုလေ ယာစံ, မဟံ ဒေန္တူ ဝရံ တုရံ၊
သက္ကစ္စာ.သက္ကစ္စံ ဒန္ဒံ, မာ လူဒံ မယ္ဟ.မပ္ပကံ။

(က) မုနိနော–ရဟန်း၏အတွက်၊ ဝါ–ရဟန်းဘို့။ ကုလေ ကုလေ–အမျိုးတိုင်းအမျိုးတိုင်း၌၊ ဝါ–အိမ်တိုင်း အိမ်တိုင်း၌၊ ထောကံ ထောကံ–အနည်းငယ် အနည်းငယ်၊ (နဲနဲစီ နဲနဲစီ)၊ ဘတ္တံ–ကို၊ ပစ္စတိ–(ပို၍) ချက်ထားအပ်၏၊ ပိဏ္ဍိကာယ–ကောင်းဆိုနှစ်ဖြာ, ရရာစုပြွမ်း, ဆွမ်းအလို့ငှာ၊ စရိဿာမိ–လည့်လည် တော့မည်၊ မမ–၏၊ ဇယံဗလံ–ခြေသလုံးအားသည်၊ အတ္ထိ–ရှိသေး၏။
[ဓမ္မပဒဋ္ဌ, ဒန္တဝဂ်]

(ခ) အဟံ–သည်၊ ကဒါ–အဘယ်အခါ၌ (ဘယ်တော့များ)၊ သတ္တာဟသမ္မဃေ–ခုနစ်ရက်ပတ်လုံး အဆက်မပြတ် မိုးရွာအခါ၌၊ ဝါ–ခုနစ်ရက်ပတ်လုံး မိုးစွေရာအခါ၌၊ ဩဝဒ္ဒေါ–မိုးစွတ်အပ်သည်၊ အလ္လစီဝရော–မိုးစိုသော သင်္ကန်းရှိသည်၊ (ဟုတွာ) ပိဏ္ဍိကာယ–ဆွမ်းအလို့ငှာ၊ စရိဿာမိ–လည့်လည်ရပါအုံ့နည်း၊ တံ–ထိုလည့်လည်ရခြင်းသည်၊ ကုဒါ–အဘယ်အခါ၌ (ဘယ်တော့များ)၊ ဘဝိဿတိ–ဖြစ်ပါလိမ့်မည်နည်း။ [မဟာဇနကဇာတ်, အဿပုဒ်နိပါတ်]

(ဂ) ကုလေ–သူတစ်ပါးအိမ်၌၊ ယာစံ (ယာစန္တော)–တောင်းလသော်၊ ၁။ မယ္ဟ–ငါ့အား၊ မဟံ–သုံးဆောင်ဘွယ်ရာပစ္စည်း အများကြီးကို၊ ဒေန္တူ–လောင်းလှူကြပါစေ၊ အပ္ပကံ–အနည်းငယ်ကို၊ မာ (ဒေန္တူ)–မလောင်းလှူကြပါစေနှင့်၊ ၂။ ဝရံ–အကောင်းစားကို၊ ဒေန္တူ၊ လူဒံ–ခေါင်းခေါင်းပါးပါး အညှစ်စားကို၊ မာ (ဒေန္တူ)၊ ၃။ တုရံ–လျင်လျင်မြန်မြန်၊ ဒေန္တူ၊ ဒန္ဒံ–ဖြေးဖြေးနှေးနှေး၊ မာ (ဒေန္တူ)၊ ၄။ သက္ကစ္စံ–ရိုရိုသေသေ၊ ဒေန္တူ၊ အသက္ကစ္စံ–မရိုမသေ၊ မာ (ဒေန္တူ)၊ ကတိ–ဤသို့ တောင့်တ၍၊ ကုတော လဇ္ဇာ–အဘယ်မှာရအပ်ရနိုင်ပါအုံ့နည်း။
[နိဒါနပဂ္ဂ ကဿပသံယုတ်]

ပါဠိစီရန်

၁။ ဘယ်နှစ်နာရီထိုးပြီလဲ (ရှိပြီလဲ) ဟော့။
၂။ တစ်နာရီ ထိုးပါပြီ (ရှိပါပြီ) ဘုရား။
၃။ ဒါဖြင့်ယင် အိပ်ရာက ထပါတော့လား။
၄။ မှန်ပါ, ထပါတော့မယ်။
၅။ သင့် သပိတ် မဆေးရသေးဘူးလား။
၆။ တပည့်တော်သပိတ် ဆေးပြီးပါပြီဘုရား, သပိတ်အိပ်ထဲတော့ မထည့်ရသေးပါ။
၇။ ဒီရွာဟာ ဆွမ်းခံလို့ လွယ်ကူသလား။
၈။ အင်း.... လွယ်ကူပါတယ်။
၉။ ရပ်တော်မူပါဦး ဘုရား။
၁၀။ ပန်းကန်ကလေး သနားတော်မူပါ။
၁၁။ ဆွမ်းဖြင့် မျှတပါရဲ့လား။
၁၂။ အင်း.... မျှတပါရဲ့။
၁၃။ ပြည့်စုံအောင် ရပါရဲ့လား ဘုရား။
၁၄။ ရပါရဲ့။
၁၅။ အိမ်တိုင်း အိမ်တိုင်း သင့်ဘို့ ဆွမ်းချက်ထားတယ်။
၁၆။ ဘယ်တော့မျှား ခုနစ်ရက်ပတ်လုံး မိုးစွေနေတုန်း ဆွမ်းခံရပါမလဲ။
၁၇။ သပိတ်အိပ်ထဲ ထည့်ပြီးပလား။

ကြည့်ရှုရန်

၉။ ရပ်တော်မူပါဦး–တိဋ္ဌတု။ ၁၀။ (ပန်းကန်)–ထာလကံ။ ပေး(သနား)–ဒေတု။ ၁၃။ ပြည့်စုံအောင်–ပရိပုဏ္ဏံ။

၉။ ပိဏ္ဍာစာရိကာနံ် ကထာသလ္လာပေါ

[ဆွမ်းခံကိုယ်တော်များ စကားပြောပုံ]

၁။ ပိဏ္ဍာစာရိကေန ပိဏ္ဍံ ဥဒ္ဒိဿ တိဋ္ဌန္တေန ကိဝစိရံ ဌာတဗ္ဗံ။

၂။ ဂဟဋ္ဌာနံ အာကာရံ သလ္လက္ခေတွာ နာတိစိရံ နာတိသီဃံ ဌာတဗ္ဗံ။

၃။ ကတမော ဘန္တေ ဒါတုကာမာနံ အာကာရော, ကတမော ပန အဒါတုကာမာနံ။

၄။ ယဒိ ဘာဇနံ ဝါ ဓောဝတိ, ကဋ္ဌစ္ဆိံ ဓါ ဂဏှာတိ, ဥက္ခလိ ဝါ အာမသတိ၊ သလ္လက္ခေဟိ တံ "ဒါတုကာမာနံ အာကာရော"တိ၊ အထ ပန တုဏှီဘူတော ဝါ နိသီဒတိ, ပရိမ္မုခံ ဝါ ကရောတိ, "အတိစ္ဆထ ဘန္တေ"တိ ဝါ ဝဒတိ၊ သလ္လက္ခေဟိ တံ "အဒါတုကာမာနံ အာကာရော"တိ။

ကြည့်ရှုရန်

၁။ ပိဏ္ဍာစာရိကော–ဆွမ်းအကျိုးငှာ လည့်လည်ခြင်း အကျင့်ရှိသောသူ (ဆွမ်းခံရဟန်း, သာမဏေ)။ ဥဒ္ဒိဿ–ရည်မှတ်၍။ ကိဝစိရံ–ဘယ်လောက်ကြာအောင်။ ဌာတဗ္ဗံ–ရပ်ထိုက်။ ၂။ ဂဟဋ္ဌော–အိမ်ဦးတည်သူ (လူဝတ်ကြောင်)။ အာကာရော–အခြင်းအရာ (အမူအရာ)။ နာတိစိရံ–အလွန်မကြာအောင်။ နာတိသီဃံ–အလွန်မမြန်အောင် (သိပ်မမြန်အောင်)။ ၃။ ဒါတုကာမော–လောင်းလှူခြင်းငှာ အလိုရှိသူ။ အဒါတုကာမော–မလောင်း မလှူလိုသူ။ ၄။ ဘာဇနံ–ခွက် (ဧလုံ)။ ကဋ္ဌစ္ဆိ–ယောက်ချိုး (ဇွန်း)။ အာမသ–သုံးသပ် (ကိုင်)။

၅။ ကတမော ဘန္တေ သူပံ ဝါ ဗျဉ္ဇနံ ဝါ ဒါတုကာမာနံ အာကာရော။

၆။ ပဌမံ ပိဏ္ဍံ အာကိရိတ္ဝာ ယဒိ ဗျဉ္ဇနထာလကံ ဂဏှာတိ, အယမေဝ သူပံ ဝါ ဗျဉ္ဇနံ ဝါ ဒါတုကာမာနံ အာကာရော။

၇။ ဒုက္ကရာ ဝတ ဘန္တေ ပရပဋိဗဒ္ဓါ ပဗ္ဗဇ္ဇာ။

၈။ အာမာ.ဝုသော, တသ္မာယေဝ သမ္မာသမ္ဗုဒ္ဓေနာပိ ဩဝါဒေါ ဒိန္နော "ပရပဋိဗဒ္ဓါ မေ ဇိဝိကာတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗ"န္တိ။

(က) ပဗ္ဗဇ္ဇာ ဒုက္ကရာ တာတ, တွံ စ သုခုမဇာတိကော၊
သိတေန.တ္ထ လဘေ ဥဏှံ, ဥဏှေန.တ္ထ စ သိတလံ။

(ခ) ဥတ္တိဋ္ဌေ န ပမဇ္ဇေယျ, ဓမ္မံ သုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ, အသ္မိံ လောကေ ပရမှိ စ။

အထ ပန–ထိုသို့မဟုတ်ဘဲ။ ပရမ္မုခံ–တစ်ဖက်၌မျက်နှာရှိသည်ကို (မျက်နှာလွှဲ)။ ၆။ ဗျဉ္ဇနထာလကံ–ဟင်းခွက်။ ၇။ ပရပဋိဗဒ္ဓ–သူတစ်ပါးတို့၌ ဆက်စပ် (သူတစ်ပါးတို့နှင့် ဆက်သွယ်နေ)။ ၈။ ဒိန္န–ပေးအပ်။ [ပရပဋိဗဒ္ဓါ ၊ပေ၊ ပစ္စဝေက္ခိတဗ္ဗ၏ အနက်ကို ရုပ်ပုံရှင်ကျင့်ဝတ်၌ ရှု]။

(က) တာတ–ချစ်သား၊ ပဗ္ဗဇ္ဇာ–ရဟန်းအဖြစ်သည်၊ ဒုက္ကရာ–ခဲယဉ်းသဖြင့် ပြုအပ်၏(ခဲယဉ်း၏)။ တွံ စ–သင်သည်လည်း၊ သုခုမဇာတိကော–သိမ်မွေ့ နုနယ်သော သဘောရှိ၏၊ သီတေန–အအေးဖြင့်၊ အတ္ထေ–အလိုသည်၊ (သ့တိ–ရှိလသော်)၊ ဥဏှံ–အပူကို၊ လဘေ–ရတတ်၏၊ ဥဏှေန စ–ဖြင့်လည်း၊ အတ္ထေ–သည်၊ (သတိ–သော်)၊ သီတလံ–အအေးကို၊ လဘေ–၏။

(ခ) ဥတ္တိဋ္ဌေ–ဆွမ်းကိုရည်မှတ်, ရုပ်ရသောအကျင့်၌၊ န ပမဇ္ဇေယျ–မမေ့မလျော့ရာ၊ ဓမ္မံ–ဆွမ်းခံအကျင့်ကို၊ သုဝရိတံ–ကောင်းစွာကျင့်အပ်သည်မည်

(ဂ) သမ္မာသမ္ဗုဒ္ဓဘူတောပိ, သဗ္ဗဒါ ပိဏ္ဍာစာရိကော၊
တသ္မာ ကော အဝမညေယျ, ပိဏ္ဍောလုံ ဗုဒ္ဓသေဝိတံ။

(ဃ) နု ခေါ အရိယာ ယာစကာဝ, ဒေထ ဒေထာတိ ယာစရေ၊
ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ, ဧသော အရိယာန ယာစနာ။

ပါဠိဖွင့်ရန်

၁။ ဆွမ်းခံသော ရဟန်တစ်ပါး အိမ်ပေါက်မှာ ရပ်နေတဲ့ယ်။

၂။ လူတို့၏ အမူအရာကို မှတ်သားပါ "ငါ့သပိတ်ထဲ ဆွမ်းလောင်းလိုသလား, မလောင်းလိုသလား" လို့။

လောက်အောင်၊ စရေ-ကျင့်ရာ၏၊ ဓမ္မစာရီ-ဆွမ်းခံအကျင့်ကို ကျင့်လေ့ရှိသူသည်၊ အသို့ လောကေ-ဤလောကဌ်လည်းကောင်း၊ ပရမှိ စ-နောက်လောကဌ်လည်းကောင်း၊ သုခံ-စွာ၊ သေတိ-အိပ်ရ နေရ၏။ [ဓမ္မပဒ, လောကဝဂ်]

(ဂ) သမ္မာသမ္ဗုဒ္ဓဘူသော-ဘုရားရှင်အစစ် ဖြစ်၍ဖြစ်သည်၊ (သမာနော) ပိ-ဖြစ်သော်လည်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပိဏ္ဍာစာရိကော-ဆွမ်းအကျိုးငှာ လည့်လည်ခြင်းရှိတော်မူ၏၊ တသ္မာ-ကြောင့်၊ ဗုဒ္ဓသေဝိတံ-ဘုရားရှင်သည် မှီဝဲ(လေ့ကျက်)တော်မူအပ်သော၊ ပိဏ္ဍောလုံ-ဆွမ်းကိုရှာမှီးသူ၏ အဖြစ်ကို (ဆွမ်းခံအကျင့်ကို)၊ ကော-အဘယ်သူသည်၊ အဝမညေယျ-အောက်တန်းစားဟု အသိအမှတ် ပြုထိုက်တော့အံ့နည်း။

(ဃ) အရိယာ-အရိယာတို့သည်၊ ယာစကာဝ-သူတောင်းစားတို့ကဲ့သို့၊ ဒေထ ဒေထာတိ-ပေးကြပါ ကမ်းကြပါဟူ၍၊ ခေါ-စင်စစ်၊ နု ယာစရေ-မတောင်းရမ်းကြကုန်၊ အရိယာ-တို့သည်၊ ဥဒ္ဒိဿ-အလိုရှိရာ စိတ်ဖြင့်သာမှန်း၍၊ တိဋ္ဌန္တိ-ရပ်တော်မူကြကုန်၏၊ ဧသော-ဤအလိုရှိရာ ရည်မှတ်၍ ရပ်ခြင်းသည်၊ အရိယာနံ-တို့၏၊ ယာစနာ-တောင်းခြင်းပေတည်း။

ကြည့်ရှုရန်

၁။ အိမ်တံခါး(အိမ်ပေါက်)-ဖဂဟဒွါရံ။ ၂။ ငါ့သပိတ်ထဲ- မမ ပတ္တေ။

၃။ ကိုရင် ဗုဒ္ဓရက္ခိတသည် သိပ်လဲမကြာ, သိပ်လဲမမြန်အောင် ဆွမ်းရပ်နေသည်။

၄။ ဇလုံကို ဆေးပြီး ဆွမ်းကို ယူခဲ့ပါ။

၅။ ကန်တော့ဆွမ်းပါ ဘုရား။

၆။ ဟင်းခွက်ကို ယူခဲ့ပါ။

၇။ မဒ္ဒေးသည် ဆွမ်းလောင်းဘို့ရန် အိမ်မှ ထွက်လာသည်။

၈။ ငါ၏ အသက်မွေးမှုသည် သူတစ်ပါးတို့၌ ဆက်စပ်နေပါတကား။

၉။ သင်သည် ဆွမ်းခံအကျင့်၌ မမေ့ပါနှင့်။

၁၀။ မြတ်စွာဘုရားတောင်မှ ဆွမ်းခံသေးတာဘဲ, ငါ ဘာကြောင့် ဆွမ်းမခံဘဲ နေရမှာလဲ။

၁၀။ ပိဏ္ဍပါတပဋိက္ခေပကာလေ ကထာသလ္လာပေါ

[ဆွမ်းခံပြန်လာချိန် စကားပြောပုံ]

၁။ ပိဏ္ဍပါတတော ပဋိက္ကန္တကာလေ ကိံ ကာတဗ္ဗံ။

၂။ ဥဒကဋ္ဌာနံ ဂန္တွာ ပါဒေ ပက္ခာလေတွာ ပါဒဟ္ထဉ္စေန ဟိဋ္ဌိတဗ္ဗာ။

၄။ ယူ(ဆောင်)– အာဟရ။ ၇။ မဒ္ဒေး–မဒ္ဒေးဒါရိကာ။ ၁၀။ နာဟံ ကသ္မာ ပိဏ္ဍာယ စရိဿာမိ။

ကြည့်ရှုရန်

၁။ ပိဏ္ဍပါတော–ဆွမ်းခံရာအရပ် (ဆွမ်းခံရွာ)၊ [ပိဏ္ဍပါတ အရ ဆွမ်းကို ရသော်လည်း ဆွမ်းခံရာဌာနကို ဌာနျုပစာရအားဖြင့် ယူပါ]။ ပဋိက္ကန္တကာလော–ပြန်သူ၏အခါ (ပြန်လာချိန်)။ ၂။ ဥဒကဋ္ဌာနံ–ရေရှိရာအရပ်။ ပက္ခာလေတွာ–ဆေး၍ [ပါးစပ်ဆေးရာ၌ "ဝိက္ခာလေ"ဟု သုံးစွဲသည်]။

၃။ နိဝါသနပါရုပနစီဝရာနိ ကထံ ကာတဗ္ဗာနိ။

၄။ ဝိဟာရစီဝရေန ပရိဝတ္တေတွာ ဂါမစီဝရံ စီဝရဝံသေ ဝါ စီဝရရဇ္ဇုယံ ဝါ ပတ္ထရိတဗ္ဗံ။

၅။ ယဒိ ဘန္တေ စီဝရံ သိန္နံ ဟောတိ, ကိံ ကာတဗ္ဗံ။

၆။ မုဟုတ္တံ ဥဏ္ဟော သြတာပေတဗ္ဗံ, နော စေ စိရံ နိဒဟိတဗ္ဗံ၊ ဒိဝါဘတ္တေ အဘုတ္တေယေဝ သဃ်ရိတွာ ယထာဌာနေ ထပေတဗ္ဗံ။

၇။ ပတ္တော ပန ကထံ ကာတဗ္ဗော။

၈။ ပိဏ္ဍပါတပဋိက္ကန္တေန သမနုဿရေယေဝ ပတ္တထဝိကတော သြမုဋ္ဌတွာ ပတ္တာဓာရကေ **ထပေတဗ္ဗော**။

၉။ ပတ္တထဝိကာ ပန ကတ္ထ **ထပေတဗ္ဗာ**။

၁၀။ ဘိတ္တိယံ အယောဒ**ဏ္ဍော** ဝါ ဝံသော ဝါ ဘဝိဿတိ, တတ္ထ လဂ္ဂေတွာ **ထပေတဗ္ဗာ**။

ပါဒပုဉ္ဆနံ–ခြေတို့ကို သုတ်ကြောင်းအဝတ် (ခြေသုတ်အဝတ်)။ ၃။ နိဝါသနံ–ခါးဝတ်သင်္ကန်း (သင်းပိုင်)။ ပါရုပနံ–ကိုယ်ရုံသင်္ကန်း (ဧကသီ)။ ၄။ ဝိဟာရစီဝရံ–ကျောင်း၌ ဝတ်ထိုက်သောသင်္ကန်း (ကျောင်း**ဝတ်သင်္ကန်း**)။ ပရိဝတ္တေ–လဲလှယ်။ ဂါမစီဝရံ–ရွာဝတ်သင်္ကန်း။ စီဝရဝံသ–သင်္ကန်း**လှန်းစရာ** ဝါး (သင်္ကန်းတန်းဝါး)။ စီဝရရဇ္ဇု–သင်္ကန်းလှန်းစရာ ကြိုး (သင်္ကန်းတန်းကြိုး)။ ပတ္ထရ–ဖြန့် (လှန်း)။ ၅။ သိန္နံ–စို (ရွှဲစို)။ ၆။ မုဟုတ္တံ–တစ်မုဟုတ် (တစ်ခဏ)။ ဥဏ္ဟံ–နေပူ။ သြတာပ–အောက်ကပူစေ(လှန်း)။ စိရံ–ကြာမြင့်စွာ(အကြာကြီး)။ နိဒဟ–ထား။ နိဒဟိတဗ္ဗ–ထားထိုက်။ ဒိဝါဘတ္တံ–နေ့ဆွမ်း။ ဘုတ္တ–စားအပ်။ အဘုတ္တ–မစားအပ်။ သဃ်ရ–ခေါက်။ သဃ်ရိတွာ–ခေါက်၍။ ယထာဌာနံ–အကြင်အကြင်ထားရာအရပ် (ထားမြဲနေရာ)။ ထပ–ထား။ ထပေတဗ္ဗ–ထားထိုက်။ ၈။ သမနုဿရံ–အခြားမဲ့။ သြမုဋ္ဌ–ချွတ်။ ပတ္တာဓာရကော–သပိတ်ခြေ။ ၁၀။ ဘိတ္တိ–နံရံ။ အယောဒဏ္ဍ–သံချောင်း (သံချိတ်)။ ဝံသော–ဝါးတန်း။ လဂ္ဂ–ငြိကပ်။ လဂ္ဂေ–ငြိကပ်စေ။ လဂ္ဂေတွာ–ဆွဲချိတ်၍။

(က) ယဿ ဝိဟာရဝတ္တေသု, သမာစာရော နု ဝိဇ္ဇတိ၊
ပရိဟာယတိ ဝုမိုယာ, ကာဠပက္ခေဝ စန္ဒိမာ။

(ခ) ယဿ ဝိဟာရဝတ္တေသု, သမာစာရော သံဝိဇ္ဇတိ၊
နု ′သော ဟာယတိ ဝုမိုယာ, သုက္ကပက္ခေဝ စန္ဒိမာ။

ပါဠိစီရန်

၁။ သင် ဘယ်က ပြန်လာသလဲ။

၂။ တပည့်တော် ဆွမ်းခံရွာမှ ပြန်လာပါတယ်။

၃။ ကျောင်းဝတ်သင်္ကန်းနဲ့ ရွာဝတ်သင်္ကန်းကို လဲ၍ သင်္ကန်းတန်းဝါးမှာ ဖြန့်ထားပါ။

၄။ ခွေးစိုသော သင်္ကန်းကို နေပူ၌ ခဏလှန်းပါ။

၅။ သင်္ကန်းကို နေပူထဲမှာ အကြာကြီး မထားပါနဲ့။

၆။ သပိတ်ကို အိပ်က ခွတ်ထားပါ။

၇။ ဟို နံရံမှာ သံချောင်းရှိတယ်။

၈။ ကျောင်းကျင့်ဝတ်၌ **ကောင်းစွာကျင့်ပါ**။

(က) ယဿ–အကြင်သူ၏၊ [**သမာစာရောဠ်စပ်**]၊ ဝိဟာရဝတ္တေသု–ကျောင်းကျင့်ဝတ်တို့၌၊ သမာစာရော–ကောင်းစွာ ကျင့်ခြင်းသည်၊ နု ဝိဇ္ဇတိ–မရှိ၊ (သော–ထိုသူသည်)၊ ကာဠပက္ခေ–လဆုတ်ပက္ခ၌၊ စန္ဒိမာ ဣဝ–လကဲ့သို့၊ ပရိဟာယတိ–ဆုတ်ယုတ်၏။

(ခ) ယဿ–၏၊ ၊ပေ၊ သံဝိဇ္ဇတိ–ရှိ၏၊ (သော–သည်)၊ သုက္ကပက္ခေ–လဆန်းပက္ခ၌၊ စန္ဒိမာ ဣဝ–ကဲ့သို့၊ ဝုမိုယာ–မှ၊ နု ဟာယတိ–မဆုတ်ယုတ်။

ကြည့်ရှုရန်

၁။ အဘယ်မှ (ဘယ်က)–ကုတော။ ပြန်လာ–ပစ္စာဂစ္ဆ။ (ပဋိက္ကမ) [ပိဏ္ဍပါတနှင့်တွဲလျှင် ′ပဋိက္ကမဖြင့် သုံးရသည်]။ ၂။ ဆွမ်းခံရာမှ–ပိဏ္ဍပါတတော။

၉။ လဆုတ်ပက္ခ၌ လသည် ဆုတ်ယုတ်သကဲ့သို့ ကျောင်းကျင့်ဝတ်ကို ကောင်းစွာ မကျင့်တဲ့သူဟာ ကြီးပွားခြင်းမှ ဆုတ်ယုတ်တတ်တယ်။

၁၀။ လဆန်းပက္ခ၌ လသည် တိုးပွားသကဲ့သို့ ကျောင်းကျင့်ဝတ်ကို ကောင်းစွာ ကျင့်တဲ့သူဟာ ကြီးပွားတတ်တယ်။

၁၁။ အန္ဆောဒိဝါဘတ္တေ ကထာသလ္လာပေါ

[နေ့ဆွမ်းစားချိန်အတွင်း စကားပြောပုံ]

၁။ ကတိဃဋိကံ အာဝုသော။

၂။ အဋ္ဌဃဋိကတော တိဿပလံ အတိက္ကန္တံ။

၉။ ယထာ ကာဠပက္ခေ စန္ဒိမာ ပရိဟာယတိ၊ တထာ ဝိဟာရဝတ္တံ သမ္မာ အစရန္တေ၊ ဝုဗိယာ ပရိဟာယတိ။ ၁၀။ ကြီးပွား–ဝုဗ [ဝုဗုတိ, ဝုဗ္ဗန်္တိ စသည်]။

ကြည့်ရှုရန်

၁။ ကတိဃဋိကံ–ဘယ်နှစ်နာရီရှိပြီလဲ **[အခန်းရှစ်၌** "ကတိနာဠိကာ"ဟု သုံးခဲ့သည်၊ အပေါက်ပါသော ကြေးအိုး**ကလေးဖြင့်** ပြုအပ်သော ရေနာရီသည် ဃဋိကာမည်၏၊ ယင်းကိုပင် "နာဠိကာ"**ဟုလည်း**ခေါ်၏၊ ရေနာရီမရှိသော ယခုအခါ၌ကား စက်နာရီကို ဃဋိကာ (နာဠိကာ)ဟု ခေါ်ရတော့သည်]။

ရေနာရီလုပ်နည်း။ ။၁၂–ကျပ်သားရှိသော ကြေးနီတုံးကို အစောက် (ဧောက်)လက်ရှစ်သစ်, နှုတ်ခမ်း၀ လက်**ကိုးသစ်,** ၁၃–နှစ်အရွယ်ရှိသော ကညာပျို၏ ပျော့ပျောင်းသော ဆံပင် တစ်ဆယ့်ခြောက်ပင်ကို ပေါင်းကျစ်၍ ဖြစ်ပေါ်လာသော ကြိုး၀ိုင်လောက်ရုံ ၎င်းကြေးခွက်ကို အပေါက်ဖေါက်၍ ရေအင်တုံ ရေအိုး**စသည်၌** ရှိသောရေပေါ်တွင် ချထားသောအခါ ဖောက်ထားသော အပေါက်မှ ရေ၀င်၍ ကြေးခွက်တစ်ခါမြုပ်လျှင် တစ်နာရီခေါ်သည်။

၂။ တိဿပလံ–မိနစ်သုံးဆယ်[ပလ–ပိုလ်၊ ရေနာရီ တစ်နာရီ၏ အစိတ်အပိုင်း, စက်နာရီ၏ မိနစ် စက္ကန့်ကို "ပလ"ဟု သုံးသင့်၏]။ အတိက္ကန္တံ–ကျော်(လွန်)။

၃။ ယဒိ ဇဝံ ပါဠိယာ စေဝ အဋ္ဌကထာဒီနဉ္စ ဥဂ္ဂဟနဝေလာ ဥပကဏ္ဏာ (ဥပကဋ္ဌာ), အာယာမ ဝိဇ္ဈာဂမ်ံ။

၄။ ဇဝံ ဘန္တေ, ကတရဝိဇ္ဈာယ ဓါရော။

၅။ ဗျာကရဏာသ ဝါရော။

၆။ နတ္ထိ ကိရ အာစရိယော, ကော နု ခွဇ္ဇ ဝါစေသတိ။

၇။ ယဒိ ဇဝံ ဥပါစရိယော ဝါစေသတိ။

၈။ သက္ခိသတိ နု ဥပါစရိယော ဗျာကရဏံ ဝါစေတုံ။

၉။ အဂရု အာဝုသော ဥပါစရိယသ ဗျာကရဏမတ္တဝါစနေ။

၁၀။ ဇဝံ နု။

၁၁။ ဇဝ.မေဝ။

၁၂။ ဥပါစရိယော အာဂစ္ဆတိ, အာသနာ ဝုဋ္ဌဟထ။

၃။ အဋ္ဌကထာ–အဋ္ဌကထာ (အနက်ကို ဖွင့်ဆိုကြောင်းကျမ်း)။ ဝိဇ္ဈာဂဇ္ဈော–အတတ်သင်ရာအခန်း (စာသင်ခန်း, စာသင်ဆောင်)။ ၄။ ကတရဝိဇ္ဈာ–အဘယ်အတတ်ပညာ (အဘယ်ကျမ်းစာ)။ ၅။ ဗျာကရဏံ–ဗျာကရဏ်း (သဒ္ဒါ)။ ၆။ နတ္ထိ ကိရ–မရှိဘူးတဲ့။ ကော နု ခွဇ္ဇ (ကော+နု ခေါ+အဇ္ဇ) အဇ္ဇ–ယနေ့၊ ကော–သည်၊ ဝါစေသတိ နု ခေါ–ဆိုစေလိမ့်မည်နည်း (ပို့ချလိမ့်မည်နည်း)။ ဝါစေ–ဆိုစေ (ပို့ချ) [စာအုပ်မရှိသော ရှေးခေတ်က ရွေ့ကဆိုပြသည်ကို တပည့်က လိုက်၍ဆိုရသည်]။ ၇။ ဥပါစရိယော–ဆရာ၏ အနီးပါး၌ဖြစ်သောဆရာ (လက်ထောက်ဆရာ)။ ၈။ သက္ခိသတိ နု–စွမ်းနိုင်လိမ့်မည်လော (စွမ်းနိုင်ပါ့မလား) [ဝတ္တမာန်ဖြင့် သက္ကောတိ, သက္ကုဏာတိ၊ အခြားဝိဘတ်များ၌ သက္ကုဏောယျ၊ သက္ကုဏိ, အသက္ခိ၊ သက္ကုဏိသတိ, သက္ခိသတိ–ဤသို့ ရုပ်ရှိသည်]။ ၉။အဂရု–ဝန်မလေး။ ဗျာကရဏမတ္တဝါစနံ–ဗျာကရဏ်းမျှကို ပို့ချခြင်း။ ၁၂။ ဥပါစရိယော အာဂစ္ဆတိ–လက်ထောက်ဆရာ လာနေပြီ [လာနေဆဲဖြစ်၍

၁၃။ အာမ ဘန္တေ။

၁၄။ နိသီဒေယျာထာ.ဝုသော, သကေ အာသနေ မောနံ သမာစရထ, မာ သဒ္ဒ.မကရိတ္ထ။

၁၅။ ယထာဥဂ္ဂဟိတံ အဝိရာဓေတွာ လေခါဖလကေ ဝါ လေခါပေါတ္ထကေ ဝါ အက္ခရာနိ လိခေယျာထ။

၁၆။ လိခိတံ ဘန္တေ။

၁၇။ လိခိတံ ဒဿေဟိ။

၁၈။ ဣဒံ သုဋ္ဌု, နု ပနိ.ဒံ။

(က) သိပ္ပသမံ ဓနံ နတ္ထိ, သိပ္ပံ စေရာ နု ဂဏှရေ၊
ဣဓ လောကေ သိပ္ပံ မိတ္တံ, ပရလောကေ သုခါ.ဝဟံ။

ဝတ္တမာန်ဖြင့် သုံးသည်]။ ၁၄။ မောနံ–ကိတ်တိတ် ဆိတ်ဆိတ်နေခြင်း။ သမာစရ–ကောင်းစွာကျင့်။ မာ အကရိတ္ထ (မာ အကတ္ထ)–မပြုကြနှင့် [အကာသိ, အကရာ၊ အကာသုံ, အကံသု၊ အကာသိ, အကတ္ထ၊ အကာသိံ, အကမှာ၊ အကရိ, အကရုံ စသည်]။၁၅။ ယထာဥဂ္ဂဟိတ–အကြင်အကြင်သင်ယူအပ်(သင်ယူပြီးသော) ကျမ်းစာ။ ဝိရာဓေ–ချွတ်ယွင်းစေ, လွဲမှားစေ၊ အဝိရာဓေဘွာ–မလွဲစေဘဲ။ လေခါဖလကံ–ရေးစရာပျဉ်ချပ် (ကျောက်သင်ပုန်း, ဘော)။ လေခါပေါတ္ထကံ–ရေးစရာစာအုပ်။ အက္ခရံ–အက္ခရာ (စာ)။ လိခ–ရေး။ ၁၆။ လိခိတ–ရေးအပ်, ရေးအပ်ပြီးသား (ရေးပြီးသား)။ ၁၇။ ဒဿေ–မြင်စေ(ပြ)။ ၁၈။ သုဋ္ဌု–ကောင်း၏။

(က) သိပ္ပသမံ–အတတ်ပညာနှင့်တူသော၊ ဓနံ–သည်၊ နတ္ထိ–မရှိ၊ သိပ္ပံ–ကို၊ စေရာ–သူခိုးဓားပြတို့သည်၊ နု ဂဏှရေ–မယူနိုင်ကုန်၊ ဣဓ လောကေ–၌၊ သိပ္ပံ–သည်၊ မိတ္တံ–မိတ်ဆွေတည်း၊ [ပုံလိင်မှ နပုံလိင်ပြန်နေသော လိင်္ဂဝိပလ္လာသ]။ ပရလောကေ–၌၊ သုခါဝဟံ–ချမ်းသာကို ဆောင်နိုင်၏။

(ခ) ဝိဒွတ္တံ စ နရိပတ္တံ စ, နေဝ တုလျံ ကုဒါစန၊
သဒေသေ ပုဒ္ဓတေ ရာဇာ, ဝိဒွါ သဗ္ဗတ္ထ ပုဒ္ဓတေ။

(ဂ) သဗ္ဗံ သုတ.မဓိယေထ, ဟိန.မုက္ကဋ္ဌမဇ္ဈိမံ၊
သဗ္ဗဿ အတ္ထံ ဇာနေယျ, နာ စ သဗ္ဗံ ပယောဇယေ။

ပါဠိစီရန်

၁။ တစ်နာရီ ခွဲပြီ (တစ်နာရီမှ မိနစ် ၃၀ လွန်ပြီ), စာအုံကြပါလား။

၂။ စာသင်ခန်းသို့ မသွားကြသေးဘူးလား။

(ခ) ဝိဒွတ္တံ စ-ပညာရှိ၏ အဖြစ်သည်လည်းကောင်း၊ နရိပတ္တံ စ-မင်း၏ အဖြစ်သည်လည်းကောင်း၊ ကုဒါစနံ-တစ်ခါတစ်ရံမျှ (ဘယ်တော့မှ)။ နေဝ တုလျံ-မတူ၊ ရာဇာ-ကို၊ သဒေသေ-မိမိ၏ အရပ်(နိုင်ငံ)၌၊ ပုဒ္ဓတေ-ပူဇော်အပ်၏ (လေးစားခံရ၏)၊ ဝိဒွါ-ပညာရှိကို၊ သဗ္ဗတ္ထ-အလုံးစုံသော အရပ် (နိုင်ငံ)၌၊ ပုဒ္ဓတေ-၏၊ [စာဏက္ကနီတိ။ ။နရိပတ္တံ၌ နရိ သဒ္ဒူပပဒ+ပါဓာတ်+တပစ္စည်း၊ နရိသည် လူဟော၊ ထောမနိဓိ- ပါဠိ၌ "နရိန္ဒတ္တံ"ဟု ရှိသင့်၏။

(ဂ) ဟိန.မုက္ကဋ္ဌမဇ္ဈိမံ-အယုတ်, အမြတ်, အလတ်ဖြစ်သော၊ သဗ္ဗံ-သော၊ သုတံ-နာယူမှတ်သား သင်ကြားအပ်သော အတတ်ပညာကို၊ အဓိယေထ-သင်ရာ၏၊ [သတ္တမီ ဇေဝိဘတ်]။ သဗ္ဗဿ-အလုံးစုံသော အတတ်ပညာ၏၊ အတ္ထံ-ကို၊ ဇာနေယျ-သိရာ၏ (သိအောင်ပြုရာ၏)၊ စ-သို့သော်လည်း၊ သဗ္ဗံ-ကို၊ နာ ပယောဇယေ-မသုံးစွဲရာ။ [ဇာတက-ဋ္ဌ, ၃-၂၀၅]။

[ဤစကားကိုယူပြီး လူရွှင်တော်များ ဟာသပြောကြသည်မှာ-"ဘယ်ဟာဖြစ်ဖြစ် တပ်ထားတာ ကောင်းတယ်, မလုပ်ချင်ယင် အသံနေ" ဟူ၏]။

၃။ အခု ပါဠိသိက္ခာအလှည့် မဟုတ်လား, ဘာလို့ နာမ်ဂိုဏ်း စာအုပ် ယူလာရသလဲ။

၄။ ဒီနေ့ ဆရာ မရှိဘူးဆို, စာမတက်ရဘူးပေါ့။

၅။ ငါက ပါဠိသိက္ခာလောက် ချဘို့တော့ ဝန်မလေးဘူး။

၆။ အမှန်ဘဲလား။

၇။ အမှန်ပါဘဲ။

၈။ ဆရာလာနေတယ် ဟေ့, ထကြ။

၉။ တိတ်တိတ်နေ, အသံမထွက်နဲ့။

၁၀။ ပညာနှင့်တူသော အရောင်မရှိ။

၁၁။ အတတ်ပညာ အားလုံး၏ အနှက်အဓိပ္ပာယ်ကို နားလည်ထား ရမယ်၊ ဒါပေမယ့် အကုန်လုံး မသုံးစွဲရဘူး။

၁၂။ ဝါစနကာလေ ကထာသလ္လာပေါ

[စာချချိန် စကားပြောပုံ]

၁။ ပေါတ္ထကံ အနောလောကေတွာ ဟိယျော ဥဂ္ဂဟိတဝိဇ္ဇံ ပုန သဇ္ဈာယထ။

၂။ ဥပရိဝိဇ္ဇံ ဥဂ္ဂဏှိသထ၊ ပဌတု ဗုဒ္ဓရက္ခိတော, အညေ သုဏန္တန္တု။

ကြည့်ရှုရန်

၃။ ဘာလို့-ကသ္မာ။ ယူ-ဂဏှ [ဂဏှတိ, ဂဏှန္တိ စသည်]။ ၄။ နတ္ထိ ကိရ အဇ္ဇ အာစရိယော။ သင်ယူ(တက်)-ဥဂ္ဂဏှ။ ၉။ မောနံ သမာစရထ (တုဏှီ ဟောထ)။ ၁၀။ အရောင်-အာဘာ။ တူမျှ-သမ။

၁။ သြလောက-ကြည့်၊ အနောလောကေတွာ (န+သြလောကေတွာ)-မကြည့်ဘဲ။ ဟိယျော-မနေ့က။ ဥဂ္ဂဟိတဝိဇ္ဇာ-သင်ယူအပ်ပြီးသော အတတ်ပညာ (သင်ပြီး,တက်ပြီးသားစာ)။ ၂။ ဥပရိဝိဇ္ဇာ-အထက်စာ (ရှေ့စာ)။ ပဌ-ရွတ်(ဆို)။

၃။ မာ ဝိရာဓေဟိ, ဇဝံ ဝဒေဟိ။

၄။ ဟရေ သတ္တ... မာ တွံ ပုနပ္ပုနံ ဝိရာဓေဟိ၊ အတိဗဟလောဠ္ဍကပေါလံ တဝ မုခံ ပေါထယိဿာမိ။

၅။ ကုမံ ပါဠိံ မရမ္ဘဘာသာယ ပရိဝတ္တေဟိ "ဗုဒ္ဓံ ပူဇေမိ"တိ။

၆။ ကုမံ ပန မရမ္ဘဘာသံ ပါဠိဘာသာယ ပရိဝတ္တေဟိ "တရားတော်ကို ပူဇော်ပါ၏"တိ။

၇။ ကုမိသာ ပါဠိယာ အတ္ထံ ယောဇေဟိ "သံယံ ပူဇေမိ"တိ။

၈။ ကုမသာ ဝါကျသာ အဓိပ္ပာယံ ဝဒေဟိ "ဗုဒ္ဓါ ဓမ္မံ ဒေသေတိ"တိ။

၉။ အလ.မေတ္တာဝတာ၊ ယဒိ သက္ကုဏေယျာထ, ဝါစုဂ္ဂတံ ပရိစိနာထ၊ နော စေ ဝါစုဂ္ဂတမတ္တံ ပရိစိနိတုံ သက္ကုဏေယျာထ, ပုနပ္ပုနံ ပဋ္ဌေယျာထ။

၁၀။ အပ္ပဒ္ဓါ သဒ္ဓယထ၊ မာ ဥစ္စာသဒ္ဒမဟာသဒ္ဒါ, မာ စ ဝိဇ္ဇဂဠ္ဘေ ကောလာဟလံ ကရောထ။

ကြည့်ရှုရန်

၄။ သတ္တော–သတ္တဝါ၊ ဟရေ သတ္တ–ဟဲ့ သတ္တဝါ၊ အတိဗဟလောဠ္ဍကပေါလံ–(အတိ+ဗဟလ+သြဠ္ဍ+ကပေါလံ)–အလွန်+ထူထဲသော+နှုတ်ခမ်း+ပါး၊ စောင်ရှိ။ ပေါထယ–ပုတ်ခတ် (ရိုက်,နှက်)။ ၅။ မရမ္ဘဘာသာ–မြန်မာဘာသာ [ဒေသဘာသာ ဟုလည်း သုံးစွဲနိုင်၏]။ ပရိဝတ္တေ–လည်စေ (လဲလှယ်, ပြန်ဆို)။ ဗုဒ္ဓံ ပူဇေမိတိ–ဗုဒ္ဓံ ပူဇေမိဟူသော၊ ကုမံ ပါဠိံ–ကို၊ ပူဇေ–ပူဇော်။ ၇။ ယောဇေ–ယှဉ်စေ (ယောဇနာ,ပေး)။ ၈။ ဝါကျံ–ဝါကျ၊ အဓိပ္ပာယော–အဓိပ္ပာယ် (အလိုရှိအပ်သောအနက်)။ ၉။ အလံ–တော်ပြီ။ မေတ္တာဝတာ–ဤမျှလောက်ဖြင့်။ သက္ကုဏေ–စွမ်းနိုင်။ ဝါစုဂ္ဂတ (ဝါစာ+ဥဂ္ဂတ)–နှုတ်သို့+တက်၊ (နှုတ်တက်)။ ပရိစိနာ–ဆည် ပ. (လေ့ကျက်)။ ၁၀။ ဥစ္စာဒ္ဒေါ–အထက်သို့ မြင့်တက်သော အသံရှိသူ။

၁၁။ သစေ . ဣစ္ဆထ, ဧကတောဝ သဗ္ဗဃဏ၊ နော စေ, ဧကကောဝ သဗ္ဗဃဏ အတ္တာနော ဝါစုဂ္ဂတဝိဇ္ဇံ အဝိရာဓေတွာ လိခထ။

၁၂။ ဒင်... ဒင်... ဒင်... ဒင်... (ဆယ်ချက်) ခန့်။

၁၃။ သုဏာထ, ကတိနာဠိကာ။

၁၄။ ဒသနာဠိကာ ဘန္တေ။

၁၅။ တေနဟိ ဂစ္ဆထ ယထာဝိဟာရံ၊ မာ စ ဥပါဟနသဒ္ဒံ သာဝေယျာထ, မန္ဒံ မန္ဒံ ဂစ္ဆထ။

(က) ဒွါသီတိ ဗုဒ္ဓတော ဂဏ်ိ, ဒွေသဟဿာနိ ဘိက္ခုတော၊ စတုရာသီတိသဟဿာနိ, ယေ မေ ဓမ္မာ ပဝတ္တိနော။

မဟာသဒ္ဒ၊–ဘေးသို့ကျယ်ပြန့်သော အသံရှိသူ။ ၁၁။ ဧကတော–တပေါင်းတည်း။ ဧကကော–တစ်ယောက်တည်း၊ ["ဧကကာဝ"ဟုလည်း သုံးနိုင်၏၊ ဧကကာမယံ အရညေ ဝိဟရာမ၊– ဓမ္မပဒ ဋ္ဌ, ၂–၂၈၇]။ သဗ္ဗဃ–သရဗ္ဘာယ် (ရွှတ်ဖတ်) [သဗ္ဗဃထ–သံရှေ့–အဓိရှေ့ရှိသော ဣဓာတ်, ဣကို ဧပြု, ဧကို အယပြု၍ သဗ္ဗယထဟုသာ ရှိရမည်၊ သဗ္ဘာယထ–ဟု မရှိရပါ]။ ၁၅။ ယထာဝိဟာရံ–အကြင်အကြင် (မိမိ)ကျောင်း။ ဥပါဟန–ဖိနပ်။ သာဝေ–ကြားစေ။ မန္ဒံ မန္ဒံ–ဖြေးဖြေးနှေးနှေး [သဏိကံ သဏိကံ–ဟုလည်း သုံးနိုင်၏]။

(က) ဗြဟ္မဏ–ဗြဟ္မဏ၊ ဒွါသီတိသဟဿာနိ–ရှစ်သောင်းနှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို၊ ဗုဒ္ဓတော–ဘုရားရှင့်အထံတော်မှ၊ ဂဏ်ိ–သင်ယူခဲ့ပြီ၊ ဒွေသဟဿာနိ–နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို၊ ဘိက္ခုတော–အရှင်သာရိပုတ္တြာစသော ရဟန်းတော်တို့ အထံမှ၊ (ဂဏ်ိ)၊ ယေ ဓမ္မာ–အကြင် ဓမ္မက္ခန္ဓာတရားတို့သည်၊ မေ–ငါ၏၊ (ဇိဝှဂ္ဂေ–လျှာဖျားဌ်)၊ ပဝတ္တိနော–နူတ်တက်ရွရွ ဖြစ်လာကြကုန်၏၊ (တေ ဓမ္မာ–တို့သည်)၊ စတုရာသီတိသဟဿာနိ–ရှစ်သောင်းလေးထောင်တို့တည်း။ [ခု ၂–၃၄၇၊ ထေရဂါထာ]။

(ခ) ဧဝံ အာနန္ဒထေရဿ, ဟဒယမှိ ပဝတ္တိနံ၊
ဓာရယေ ဝါစယေ ဓမ္မံ, ပဂ္ဂဏှေ ကြသိနံ ဓဇံ။

ပါဠိစီရန်

၁။ မနေ့က သင်ပြီးသားစာကို ပြန်ကြစမ်း။
၂။ စာအုပ် မကြည့်ဘဲ (အလွတ်)ပြန်။
၃။ မလွဲစေနဲ့, မလွဲစေနဲ့။
၄။ ဒီလို ပီအောင် ဆို, ဒီလို ပီအောင် ဆို။
၅။ ပါဠိကို မြန်မာ(ဘာသာ) ပြန်စမ်း။
၆။ အနက် ပေးစမ်း။
၇။ အဓိပ္ပာယ် ပြောစမ်း။
၈။ တတ်နိုင်ယင် နှုတ်တက်အောင် ဆောင်ထားကြ။
၉။ နှုတ်တက်နေတဲ့ စာကို မလွဲအောင်ရေးဘို့ရန်လဲ တတ်နိုင်ကြ ရမယ်။
၁၀။ နားထောင်ကြစမ်း, ဆယ်နာရီခွဲပြီ။

(ခ) ဧဝံ–သို့၊ အာနန္ဒထေရဿ–၏၊ ဟဒယမှိ–စိတ်နှလုံး၌၊ ပဝတ္တိနံ–ဖြစ်သော၊ ဓမ္မံ–ကို၊ ဓာရယေ–အာဂုံနှုတ်တက် ဆောင်ရွက်ရာ၏၊ ဝါစယေ–ဟောပြောပြသ ပို့ချရာ၏၊ ကြသိနံ–ရသေ့ ရဟန်းတို့၏၊ ဓဇံ–တရားတည်းဟူသော အောင်လံကို၊ ပဂ္ဂဏှေ–စိုက်ထောင်မြင့်မြင့် စွင့်စွင့်လူလူ, လွှင့်ထူရာ၏။

[(က) ဂါထာသည် အရှင်အာနန္ဒာက ဂေါပကမောဂ္ဂလ္လာနဗြဟ္မဏကို ပြောသော စကား၊ (ခ)၌ ပဝတ္တိနံဝယ် ပ+ဝတ္တာဓာတ်+ဏိပစ္စည်း၊ ဒုတိယာသက်၍ ဒဏ္ဍိနံကဲ့သို့ ပြီးသည်]။

ကြည့်ရှုရန်

၄။ အရှုပ်အထွေးမရှိအောင် (ရှင်းအောင်,ပီအောင်)–အပလိဗုဒ္ဓံ၊ [ဗျတ္တံ–ထင်ရှားအောင်၊ ဝါ–ပီပီသသ ဤသို့လည်း သုံးစွဲနိုင်၏]။ ဧဝ.မပလိဗုဒ္ဓံ (ဗုန္ဓံ) ဝဒ။ ၈။ ဝါစုဂ္ဂတံ ပရိစိနာထ။ ၉။ လိခိတုံပိ သမတ္ထာ ဟောထ။

၁၃။ ဒိဝါဘတ္တဝေလာယံ ကထာသလ္လာပေါ

[နေ့ဆွမ်းစားချိန် စကားပြောပုံ]

၁။ အမှာဓိကာ ဒသဃဋိကာ။

၂။ သမ္ဗတ္တော ဒိဝါဘတ္တပဋိသန်ဓရဏကာလော, ဒွိက္ခတ္တုံ အယောဒဏ္ဍံ ပဟရ။

၃။ ပဟတော ဘန္တေ အယောဒဏ္ဍော။

၄။ ပဋိဂ္ဂဟိတံ နု ဘောဇနပီဋ္ဌ။

၅။ န ပဋိဂ္ဂဟိတံ ဘန္တေ။

၆။ ဘောဇနပီဋ္ဌပိ ပဋိဂ္ဂဟေတဗ္ဗံ။

၇။ ကိံ ကာရဏာ။

၈။ ဒုတ္ထိ အာဝုသော· ဘောဇနပီဌေ ရဏံ၊ ယဒိ တံ အပ္ပဋိဂ္ဂဟိတံ ဘဝေယျ, တေန သံဖုဋ္ဌ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ မူလပဋိဂ္ဂဟဏံ ဝိသဇ္ဇတိ၊ ဘောဇနပီဌေ ပန ပဋိဂ္ဂဟိတေ တတြဋ္ဌပိ ရဏံ ပဋိဂ္ဂဟိတမေဝ ဟောတိ၊ တသ္မာ ဘောဇနပီဋ္ဌပိ ပဋိဂ္ဂဟေတဗ္ဗံ။

ကြည့်ရှုရန်

၁။ အမှာဓိကာ (အမှ+အဓိကာ)–ထက်ဝက်+အပိုအလွန်ရှိသော၊ ဒသဃဋိကာ–ဆယ်နာရီရှိပြီ (ဆယ်နာရီခွဲပြီ) [အခန်း ၁၀–အတိုင်း ဒသဃဋိကတော တိ'သပလံ အတိက္ကန္တံ ဟုလည်းသုံးနိုင်၏]၊ ၂။ သမ္ဗတ္တ–ရောက်၊ ပဋိ(အဘိ)သန်ဓရဏံ–ပြင်ဆင်ခြင်း၊ ဒိဝါဘတ္တပဋိသန်ဓရဏကာလော–နေ့ဆွမ်းပြင်ချိန် [အခန်း ၆–၌ "ဘတ္တသဇ္ဇန"ဟု သုံးခဲ့၏]။ ၄။ ပီဋ္ဌ–ခုံ, ကုလားထိုင်၊ ဘောဇန+ပီဋ္ဌ–စား+ခုံ(စားပွဲ)။ ၅။ ပဋိဂ္ဂဟိတ–အကပ်ခံအပ်။ ၇။ ကိံ ကာရဏာ–အဘယ်ကြောင်းကြောင့်နည်း။ ၈။ တတြဋ္ဌ–ထိုဌ်ဘဝ်ညသော (မြူစသည်)။

၉။ သာဓု ဘန္တေ။

၁၀။ အဘိသခ်ံတံ အာဝုသော ဘောဇနပီဋ္ဌံ, သံဃသ အာဂမနတ္ထာယ အယောဒဏ္ဍံ ဒသဝါရမတ္တံ ပဟရ။

၁၁။ နိသီဒထာ.ဝုသော အတ္တနော ပတ္တာ.သနေ။

၁၂။ ဒေထာ.ဝုသော ပရိဗ္ဘာဇကာ.... သူပံ စေဝ ဗျဉ္ဇနံ စ, တုမှာကံပိ အတ္ထာယ အဝသိဿေယျာထ။

၁၃။ ဘောန္တော ပရိဗ္ဘာဇကာ.... တုမှေ, သြလောကေယျာထ, ဗျဉ္ဇနထာလကေ ယံ ခီဏံ(သစေ တံ အတ္ထိ),အနုဒဒေယျာထ။

၁၄။ တတြ ပိဋ္ဌေ သုရုသုရသုဒ္ဒါ စေဝ ကဉ္ဇိကသဒ္ဒါ စ သူယတိ, မာ သူပံ သုရုသုရုကာရကံ ပိဝထ၊ သဗ္ဗသ္မိံ ဘုဉ္ဇနကိစ္စေ သေခိယဝတ္တံ မနသိ ကရေယျာထ, မာ စ ကဉ္ဇိကသဒ္ဒံ သာဝေယျာထ။

၁၅။ ဘတ္တကိစ္စံ ပရိယောသိတံ၊ သစေ ခါဒနီယံ အတ္ထိ, ဥပနာမေထ။

၁၀။ အာဂမနတ္ထာ (အာဂမန+အတ္ထ)–လာခြင်း+အကျိုး။ ၁၁။ ပဒတ္တ့ဉ်းသန်–ရောက်အပ် ရအပ်သောနေရာ။ ၁၂။ ပရိဗ္ဘာဇကာ–ပရိဗိုဇ် (ဖိုးသူတော်) [သုတ်ပါထေယျသမွသာဒနဿသုတ်အဋ္ဌကထာ၌ ပြအပ်သည့်အတိုင်း လူမှုကိစ္စကို စွန့်ခွါ၍ တရားကျင့်ဘို့ရာ ကျောင်းသခ်ိမ်းသို့ သွားနေသော သာသနာတော်နှယ်ဝင် အဝတ်ဖြူဝတ်သော သူကို "ပရိဗ္ဘာဇကော"ဟု သုံးသည်၊ ပရိဗ္ဘာဇက ဖိုးသူတော်ဟု ဘာသာပြန်ခြင်းသည် ယင်းအဓိပ္ပာယ်နှင့် ဆီလျော်ပါမည်၊ သီလရှင်များကို "ပရိဗ္ဘာဒိကာ"ဟုသုံးသင့်၏]။ အဝသိဿေ–ကြွင်း, ကျန်စေ (ချန်ထား)။ ၁၃။ ခီဏ–ကုန်။ အနုဒဒေယျာထ–နောက်ထပ်ပေး(လိုက်) [ဒဒါတိ, ဒဒန္တိ၊ ဒဒါတု၊ ဒဒေယျ စသည်]။ ၁၄။ သူယ–ကြားအပ် [သုယျ ဟုလည်း သုံးနိုင်၏]။ ပိဝ–သောက်။ ၁၅။ ပရိယောသိတ–ပြီးဆုံးစေအပ်။ ဥပနာမ–အနီး၌ညွတ်စေ(ကပ်)။

၁၆။ ဒုဂ္ဂန္ဓံ ပရိဟရိတုံ ပတ္တံ နာနီယပိဏ္ဍယာ ဥပဇ္ဈေတွာ ဓောဝထ, ဓောဝိတွာ ဝေါဒကံ ကာတုံ ပတ္တပုဉ္ဆနေန ပုဉ္ဆထ။

၁၇။ တတော ပရံ မုဟုတ္တံ ဥဏ္ဍော ဩတာပေထ, မာ စ ဥဏ္ဍော ပတ္တစီဝရံ နိဒဟထ၊ ပတ္တာ.သနေယေဝ ပတ္တာပိဓာနံ ဝိဝရိတွာ နိသာမေထ။

၁၈။ လဒ္ဓါ နု ခေါ ဣမသ္မိံ ဝိဟာရေ ဩကာသော တမ္မူလံ ခါဒိတုံ။

၁၉။ ဣမသ္မိံ ဝိဟာရေ ယေဘုယ္ယေန တမ္မူလံ နတ္ထိ၊သစေ အတ္ထိ, ပုဗ္ဗဏ္ဟော ခါဒိတဗ္ဗံ၊ ဓူမဝဋ္ဋိ ပန ယဒါ ကဒါစိပိ န ပါတဗ္ဗာ, တမ္မကူဠံပိ န ခါဒိတဗ္ဗံ။

၁၆။ ပရိဟရိတုံ–ဆောင်ယူ (ပယ်ရှား) [အပနေတုံ ဟုလည်း သုံးနိုင်၏]။ ဝေါဒကံ–ရေမရှိ။ ၁၇။ နိဒဟ–ထား(ကြာမြင့်စွာထား)။ ပတ္တာ.သနံ–သပိတ်၏ နေရာ (သပိတ်ထားရာ နေရာ, သပိတ်စင်) [ပတ္တမာဠကော ဟုလည်းသုံး]။ အပိဓာနံ–အပိတ်, အဖုံး၊ ပတ္တာပိဓာနံ–ဒၢပိတ်ဖုံး၊ ဝိဝရ–ဖွင့်၊ [ဝိဝရိတုံ ဝိဝရိတွာ စသည်]။ ၁၈။ လဒ္ဓ–ရအပ်။ ဩကာသော–အခွင့်။ တမ္မူလံ–ကွမ်း။ ၁၉။ ဓူမဝဋ္ဋိ–ဆေးလိပ်။ ပါတဗ္ဗ–သောက်ထိုက်၊ [ပိဝတိ, ပိဝေယျ စသည်၊ ပိဝန္တော–သောက်စဉ်၊ ပိဝိတုံ, ပါတုံ–ငှာ]။ ကမ္မကူဠံ–ဆေးရွက်၊ [ဓူမပဏ္ဏံ, ဓူမပတ္တံ ဟုလည်းသုံး] တမ္မ–နီမြန်းသော+ကူဠ–အထွတ် (အဖျား)ရှိသော ဆေးရွက် [မြန်မာဆေးရွက်ကြီးများ နူးပြီးနုပ်ပြီးသောအခါ နေရောင်၌ထောင်ကြည့်လျှင် အဖျား(နှုတ်ခမ်းသား)များ နီတီတီအရောင်ကို တွေ့ရတတ်ပါသည်၊ ထို့ကြောင့် "တမ္မကူဠ–ဆေးရွက်"ခေါ်သည်၊ ပိဋကဋ္ဌ အသုံးမရှိ, အိန္ဒိယသုံးဖြစ်သည်၊ တမ္မကူဠမ္မ တမ္မကူ–တမာကူဖြစ်လာသည်]။

(က) သလ္လေခံ အစ္စဇန္တေန, အပ္ပမတ္တေန ဘိက္ခုနာ၊
ကပ္ပိယေပိ နာ ကာတဗ္ဗာ, အာမိသတ္ထာယ လောလတာ။

ပါဠိစီရန်

၁။ ဆယ့်နှစ်နာရီ ခွဲပြီ။

၂။ အိပ်ရာက ထဘို့ရန် ငါးချက်လောက် တုံးခေါက်လိုက်ပါ။

၃။ ဒီအချိန်ဟာ ဆွမ်းပြင်ချိန် မဟုတ်ဘူး။

၄။ စားပွဲခုံကို ဆေးလိုက်ပါ။

၅။ အကပ်ခံပြီး (ခံအပ်ပြီး) မဟုတ်လား, ဘာပြုလို့ ထပ်အကပ်ခံရသေးတာလဲ။

၆။ စားပွဲခုံမှာ ဖုန်(မြူမှုန်) မရှိဘူးတဲ့လား၊ ခဲဖယ်ဘောဇဉ်ကို မြူမှုန်လူးလိမ့်မယ်, စားပွဲခုံကိုပါ အကပ်ခံပါ။

(က) သလ္လေခံ–ပစ္စည်းလေးပါး၌ ကိလေသာ (စွဲလမ်းမှု)နည်းပါးအောင် ခြစ်ပစ်ကြောင်း အကျင့်ကို၊ အစ္စဇန္တေန–မစွန့်သော၊ အပ္ပမတ္တေန–မမေ့မလျော့ မပေါ့မဆသော၊ ဘိက္ခုနာ–သည်၊ ကပ္ပိယေပိ–အပ်သောအရာ၌သော်မှလည်း၊ [ပိဖြင့် "မအပ်သောအရာကို မဆိုထားဘိ"ဟု ဂရဟာပြု]။ အာမိသတ္ထာယ–အဝတ်အစားဟူသော အာမိသအကျိုးငှာ၊ လောလတာ–လော်လီသူ၏အဖြစ် (မငြိမ်မသက် ယောက်ယောက်ခတ်ခြင်း)ကို။ နာ ကာတဗ္ဗာ–ထိုက်။

ကြည့်ရှုရန်

၂။ ထခြင်းငှာ (ထဘို့ရန်)–ဝုဋ္ဌဟိတုံ၊ ၃။ နာ.ယဲ ဘတ္တာဘိသန်ရဏာကာလော (နာ ကာလော.ယဲ ဘတ္တံ အဘိသန်ရိတုံ)။ ၅။ နနု ပဋိဂ္ဂဟိတံ, ကသ္မာ ပဋိဂ္ဂဏှာသိ။ ၆။ ခါဒနီယဘောဇနီယာနိ ရဇေန သမ္မဋ္ဌာနိ ဘဝိဿန္တိ။

၇။ ဖိုးသူတော်နဲ့ ကျောင်းသားများဘို့လဲ ချန်ထားလိုက်ပါဦး။

၈။ ထပ် လိုက်ကြပါဦး။

၉။ သပိတ်ကို ဆပ်ပြာနဲ့ တိုက်ပြီး ဆေးပါ။

၁၀။ သပိတ်ကို တမုဟုတ်(ခဏ)လောက် နေလှန်းပြီးမှ သပိတ်စင်မှာ သိမ်းပါ။

၁၁။ နံနက်မှာ ကွမ်းရှိယင် စားပါတော့, နေလွဲရင်တော့ ကွမ်းရော ဆေးပါ မစားရဘူး။

၁၄။ နှာနဝေလာယံ ကထာသလ္လာပေါ

[ရေချိုးချိန် စကားပြောပုံ]

၁။ နန္ဒာ.ဝုသော ဓမ္မရက္ခိတ.... နှာနကာလော, ဥဒပါနာ ဥဒက.မာကမှာဟိ။

၂။ အတ္ထိ ပန ဘန္တေ ဥဏ္ဍါတနဥ္စေဝ ဥဒကဘာဇနဥ္စ။

၇။ ကျောင်းသား–ဝိဟာရဒါရက၊ [ရွာသားကလေးတွေကို. "ဂါမဒါရက"ဟု ကျမ်းစာတို့၌ သုံးသည်]။ ၈။ အနုဒဒေယျာထ (ပုန ဒဒေယျာထ)။ ၁၁။ မာ ဝိကာလေ ပန တမ္မူလံ စေဝ ဓူမပဏ္ဏံ စ ခါဒ။

ကြည့်ရှုရန်

၁။ နှာနကာလော–ရေချိုးရာအခါ(ရေချိုးချိန်) [နှာန နေရာဝယ် နဟာန ဟုလည်းသုံးနိုင်၏]။ဥဒပါနော–ရေတွင်း။ အာကာ–ဆွဲငင်၊ [အာကဍိတ–ဆွဲငင်ထိုက်၊ အာကဍိတ္ဝာ,အာကဍိတ္ဝံစသည်]။ ၂။ ဥဏ္ဍါတန်–ရေကို ထုတ်ဆောင်ကြောင်းကိရိယာ(စက်သီး)။ [စက္ကဝဋ္ဋက်–လည်သော စက်သီ ဟုလည် စူဠဝဂ္ဂပါဠိတော်၌ရှိ၏]။ ဥဒကဘာဇန်–ရေပုံး [လောဟဝါရက်–သံပုံ ဟုလည်း]။

၃။ နု ပဿသိ နု တွံ ဥဒပါနဿ ဥပရိ ဥဋ္ဌိတနဠေဝ, သဟ ရဇ္ဇုယာ တသ္မိ ဥဋ္ဌိတနေ ယောဇိတံ ဥဒကဘာဇနဠ္ဗ။

၄။ ဥဒကံ အာကမိတ္ဝာ ကတ္ထ ပက္ခိပေယ္ယာမိ။

၅။ သံဝိဇ္ဇေယ္ယ နာနကောဋ္ဌကေ မတ္တိကာဝါရကော ဝါ ဒေဏိ ဝါ, တတ္ထ ပက္ခိပေယ္ယာသိ။

၆။ သီတကာလော အာဝုသော, တသ္မာ ဥဒကံ တာပေဟိ။

၇။ ကုဟိ ဘန္တေ ဥဒကတာပနဘာဇနံ။

၈။ နာ.ဟံ ဇာနာမိ, တွမေဝ ပရိယေသာဟိ။

၉။ ထပိတံ ဘန္တေ နာနကောဋ္ဌကေ ဥဒကံ သဒ္ဓိ ဥဏ္ဟောဒကေန။

၁၀။ ထပိတာ နု ဥဒကသာဋိကာပိ။

၁၁။ နု ထပိတာ ဘန္တေ, အဟံ ပမတ္တော.မှိ။

၃။ ရဇ္ဇု–ကြိုး [ကြ်ိနေရာ၌ ရေငင်ကြိုး]။ ယောဇိတံ–ယှဉ်စေအပ် (တပ်ထားအပ်)။ ၄။ပက္ခိပ–ထည့်။ [စူဠဝဂ္ဂ ဇန္တာဃရဝတ်၌ "ဥဒကဒေဏိကာယ ဥဒကံ အာသိဉ္စိတဗ္ဗံ"ဟုရှိ၍ အာသိဉ္စ–လောင်းထည့် ဟုလည်း သုံးနိုင်သေးသည်]။ ၅။ သံဝိဇ္ဇ–ရှိ။ နာနကောဋ္ဌက–ရေချိုးခန်း။ မတ္တိကာဝါရကော–မြေအိုး (အင်တုံ)။ [အယောဝါရကော–သံစည်ပိုင်း]။ ဒေဏိ–သစ်သားစည်ပိုင်း, [အုတ်စည်ပိုင်း, အုတ်ရေကန်ကို ကွဲဋ္ဌကာဒေဏိ ဟုသုံး]။ ၆။ တာပေ–ပူစေ။ ၇။ ဥဒက+တာပန+ဘာဇနံ–ရေ+ပူကြောင်း+အိုး (ရေနွေးကျိုအိုး)။ ၈။ ပရိယေသ–ရှာ။ ၉။ ထပိတ–ထားအပ်။ ၁၀။ ဥဒကသာဋိကာ–ရေသနုပ်။ ၁၂။ သရာဝကော–ခွက်ငယ်၊

၁၂။ နတ္ထိ ဝတာ.ဝုသော နာနသရာဝကော စေဝ နာနိယပိဏ္ဍိ စ နာနစုဏ္ဏံ စ။

၁၃။ မုဟုတ္တံ ဘန္တေ တာဝ အာဂမေထ, ဂဏှိသာမိ။

၁၄။ နိဋ္ဌိတ.မာဝုသော နာနကိစ္စံ, ဥဒကသာဋိကံ ပဋ္ဌေတွာ မုဟုတ္တံ ဥဏ္ဟော သြတာပေတွာ သုက္ခသမနန္တာ ရမေဝ ပဋိသံဟရာဟိ။

၁၅။ နာနကာလေ သမ္ပတ္တေပိ သစေ ဝေါ နာယိတုကာမတာစိတ္တံ နတ္ထိ, မာ နာယထ။

၁၆။ သတိပိ နာယိတုကာမစိတ္တေ မာ ဘုသံ ဝါယနဋ္ဌာနေ နာယထ။

၁၇။ သစေ ဟိ တာဒိသေ ဌာနေ နာယထ, သီတေန ဖုဋ္ဌာ ဧရာတုရာ ဘဝိဿထ။

၁၈။ နာနကိစ္စပရိယောသာနေ ကာယပုဉ္ဆနေန ပုဉ္ဆေယျာထ, တတောပရံ ကယဿ ဥတုဂါဟာပနတ္ထံ မုဟုတ္တံ ပါဝုရဏံ ပါရုပေယျာထ။

နာန+သရာဝကော–ရေချိုး+ခွက်။ နာနစုဏ္ဏံ–ဆပ်ပြာမှုန့်။ ၁၃။ အာဂမ–စောင့်(ဆိုင်.)။ တာဝ အာဂမေထ–ဆိုင်းငံ့(စောင့်)ကြပါဦး။ ၁၄။ ပိဋ္ဌ–ညှစ်။ သုက္ခသမနန္တာရ–ခြောက်သည်၏ အခြားမဲ့ (ခြောက်လျှင်ခြောက်ချင်း)။ ပဋိသံဟရ–ရုပ်။ ၁၅။ နာယိတုကာမတာစိတ္တံ–ရေချိုးခြင်းငှာ လိုလားသူ၏ဖြစ်ကြောင်းစိတ် (ရေချို ချင်စိတ်)။ ၁၆။ ဘုသံ–(အလွန်)၊ [ဉ–လိင်]။ ဝါယနဋ္ဌာန–လေတိုက်ရာအရပ်။ ၁၇။ ဧရာတုရော–ပြင်းစွာအဖျားရောဂါသည် လွမ်းမိုးအပ်သူ (အဖျားရောဂါဖြင့် နာကျင်သူ)။ ၁၈။ ဥတုဂါဟာပနံ–အငွေ့ကိုယူစေခြင်း (အငွေ့ရအောင်လုပ်ခြင်း.)။ ပါဝုရဏံ–ခြုံထည်။

(က) နာနကာလေ သမ္မတ္တေပိ, နော စ.တ္ထိ နာယိတုံ မနော၊
မာ နာယဂ္ဂေါ် သဝါတေပိ, သီတဖုဋ္ဌော ဟိ ဗျာဓိတော၊။

ပါဠိစီရန်

၁။ ရေချိုးချိန်တန်ပြီ ငါ့ရှင်။
၂။ စက်သီးနဲ့ ရေပုံးရှိတယ် မဟုတ်လား။
၃။ ရေတွင်းမှာ တပ်ထားတယ်လေ။
၄။ ရေချိုးခန်းထဲမှာ စည်ပိုင်းရှိတယ် မဟုတ်လား။
၅။ စည်ပိုင်း မရှိဘူး, မြေအင်တုံသာ ရှိတယ်။
၆။ အေးတဲ့အခါမှာ ရေနွေးနဲ့ ချိုးရတယ်။
၇။ ရေနွေးကျိုတဲ့အိုး ရှိရဲ့လား, တပည့်တော် ရှာလိုက်ဦးမယ်။
၈။ တပည့်တော် သိပါတယ်, ရှာပေးဘို့ မလိုပါဘူး။
၉။ သိပြီ သိပြီ, တပည့်တော် မေ့နေလို့။

(က) နာနကာလေ–သည်၊ သမ္မတ္တေပိ–သော်လည်း၊ နာယိတုံ–ငှါ၊ မနော–သည်၊ နော စ.တ္ထိ (နော+စေ+အတ္ထိ)–အံ့၊ (ဧဝံသတိ) မာ နာယဂ္ဂေါ်–ရေမချိုးကြနှင့်၊ သဝါတေပိ–လေနှင့်တကွဖြစ်သော (လေတိုက်ရာ)အရပ်၌လည်း၊ မာ နာယဂ္ဂေါ်–နှင့်၊ ဟိ–တားမြစ်သင့်၏၊ သီတဖုဋ္ဌော–အအေးသည် တွေ့ထိနိပ်စက်အပ်သူသည် (အအေးမိသူသည်)။ ဗျာဓိတော–ဖျားနာတတ်၏။

ကြည့်ရှုရန်

၂။ နနု ဥဿါတနဿေဝ ဥဒကဿာဇနဿ အတ္ထိဖ။ ချိုးထိုက်၏(ချိုးရတယ်)–နာယိတဗ္ဗံ။ ၈။ အဟံ ဇာနာမိ, နု တယာ ပရိယေသိတဗ္ဗံ [ကံပုဒ်၏ လိင်သို့ လိုက်၍ ၃–လိင် သုံးနိုင်သည်]။ ၉။ ဇာနာမိ ဇာနာမိ, အဟံ ပမတ္တောမှိ

၁၀။ ခဏ(တမုဟုတ်)လောက် စောင့်ပါဦးနော်, တပည့်တော်လာခဲ့ပါမယ်။

၁၁။ နေပူမှာ ရေသနုပ်ကို အကြာကြီး မလှန်းပါနဲ့။

၁၂။ ငါ့ရှင် သိပ်လေတိုက်တဲ့ နေရာမှာ ရေချိုးခဲ့သလား။

၁၃။ သူ အအေးမိပြီး ဖျားတယ်။

၁၄။ ကိုယ်ငွေ့ရအောင် စောင် ခြုံလိုက်ပါ။

၁၅။ ဝစ္ဆကုဋိပဋိသံယုတ္တော ကထာသလ္လာပေါ

[ဝစ္ဆကုဋိနှင့်စပ်၍ စကားပြောပုံ]

၁။ ဘန္တေ ဗုဒ္ဓရက္ခိတ ဝစ္ဆကုဋိနာမ ကတ္ထ ပတိဋ္ဌာပေတဗ္ဗာ။

၂။ ပေါရာဏကတ္ထရာ အာဝုသော ဝစ္ဆကုဋိံ ယေဘုယ္ယေန ဝိဟာရပစ္ဆန္တေ ပတိဋ္ဌာပေသုံ။

၃။ ၁၅ကုဋိံ ပဝိသန္တေန ကထံ ပဝိသိတဗ္ဗာ။

၄။ ဝစ္ဆကုဋိံ ပဝိသန္တေန ဗဟိ ဌိတေန ဥက္ကာသိတဗ္ဗံ အန္တော နိသိန္နဿ အတ္ထိဘာဝံ ဝါ နတ္ထိဘာဝံ ဝါ ဉာတုံ။

[သိပြီဟု အတိတ်စကားလုံ.ဖြင့် သုံးသော်လည်း ယခုလောလောဆယ် သိကြောင်းကို ပြောပြသောအရာဖြစ်၍ "ဇာနာမိ"ဟု ဝတ္တမာန်ဖြင့် သုံးရသည်]။ ၁၂။ နှာယသိ နု တွံ ဘုသံ ဝါယနဋ္ဌာနေ၊ ရေချိုး-နှာယ(နဟာယ) [နှာယတိ, နှာယန္တိ စသည်၊ ငါ့ရှင် ရေချိုးပြီးပြီလား စသည်ဖြင့် မေးရာ၌ ရေချိုပြီ, ရေချိုးပြီးသူဟော နှာတော(နဟာတော)ကို သုံး]။ ၁၄။ ကာယဿ ဥတုဂါဟာပနတ္ထံ ပါဝုရဏံ ပါရုပိတွာ သယ [အဝတ်(စောင်)-စောင့်က။ အိပ်ရာခင်းကို ပစ္စတ္ထရဏ ဟု သုံ.]။

ကြည့်ရှုရန်

၁။ပတိဋ္ဌာပေ-တည်စေ(ထား)။ ၂။ ပေါရာဏက-ရှေးဦးဖြစ်သော (ရှေးဆရာတော်ကြီးများ)။ ပစ္ဆန္တ-အစွန်(အဖျား)။ ၄။ ဗဟိ-အပြင်ဘက်၌၊ ဌိတော-

၅။ သစ.သသ အန္တေ္ဘာ နိသိန္နော၊ တေနာပိ ဥက္ကာသိတဗ္ဗံ။

၆။ တတောပရံ ဗဟိ စိဝရဝံသေ ဝါ စိဝရရဇ္ဇုယံ ဝါ စိဝရံ နိက္ခိပိတ္ဘာ သာဓုကံ အတရမာနေန ဝစ္ဘကုဋိ္ဌ ပဝိသိတဗ္ဘာ။

၇။ ကိ ကာရဏာ စိဝရံ ဗဟိ နိက္ခိပိတဗ္ဗံ။

၈။ ယဒိ စိဝရံ ပါရုပိတ္ဘာ ပဝိသတိ, စိဝရံ ဒုဂ္ဂန္ဓံ ဟောတိ၊ တသ္မာ ဗဟိ စိဝရံ နိက္ခိပိတဗ္ဗံ။

၉။ ကတ္ထ ဌိတေန ဥဇ္ဇဂိတဗ္ဗံ, ကထဉ္စ ဝစ္ဆံ န ကာတဗ္ဗံ။

၁၀။ ပါဒကာသု ဌိတေနေဝ ဥဇ္ဇဂိတဗ္ဗံ၊ န နိတ္ထုနန္တေန, နာပိ ဒန္တကဋ္ဌံ ခါဒန္တေန ဝစ္ဆံ ကာတဗ္ဗံ, န စ ပဿာဝဒေါဏိကာယ ခေဠော ကာတဗ္ဗော။

၁၁။ ဝစ္ဆေ နိဋ္ဌိတေ ကထံ ကာတဗ္ဗံ။

တည်သူ။ အန္တေ္ဘာ–အတွင်း၌၊ နိသိန္နော–(ထိုင်)နေသူ။ အတ္ထိဘာဝေါ–ရှိသည်၏ အဖြစ်(ရှိမှန်း)။ ဉာတုံ (အညာတုံ, ဇာနိတုံ)–သိခြင်းငှာ။ ၅။ ဥက္ကာသိတဗ္ဗံ–ချောင်းဟန့်ရာ၏ [တေနာပိ ဥက္ကာသိတဗ္ဗံ ဟု စူဠဝဂ္ဂ ဝတ္တက္ခန္ဓကကို နည်းမှီး၍ သုံးသည်။ ပစ္စုက္ကာသိတဗ္ဗံ–ပြန်၍ ချောင်းဟန့်ရာ၏ ဟုလည်း သုံးနိုင်၏၊ ဥက္ကာသ–ချောင်းဟန့်၊ ချောင်းညှဲ–ရှေးသုံး စကား]။ ၆။ နိက္ခိပ–ချထား (ကိုယ်မှ ချ၍ သင်္ကန်းတန်းပေါ်၌ထား)။ အတရမာနော–လျင်လျင်မြန်မြန် (ပျာယီပျာယာ) မဟုတ်(သူ)။ ၈။ ဒုဂ္ဂန္ဓ–မကောင်းသော အနံ့ရှိ။ ၉။ ဥဇ္ဈဂိတဗ္ဗံ–သင်းပိုင်ကို ပင့်မရာ၏။ ကထဉ္စ–အဘယ်နည်းဖြင့်။ ဝစ္ဆံ–ကျင်ကြီး။ ၁၀။ ပါဒကာ–ခြေနင်းခုံ (ကုဋိအတွင်း၌ရှိသော နင်းခုံ)။ နိတ္ထုနာ–ညှီး။ နိတ္ထုနန္တ–ညှီးတွားလျက် (ညှီးတွားသူ) [နိတ္ထုနာတိ, နိတ္ထုနန္တီ စသည်]။ ပဿာဝဒေါဏိကာ (ပဿာဝဒေါဏိ)–

၁၂။ အဝလေခနပိဋ္ဌရေ ဝါ အဝလေခနမာဋ္ဌကေ ဝါ အဝလေခနကဋ္ဌံ ဘဝိဿတိ, တေန အဝလိခိတပ္ပံ၊ နံ ဖရုသေန ကဋ္ဌေန အဝလိခိတပ္ပံ၊ နံ အဝလေခနကဋ္ဌံ ဝစ္စကူပမ္ဳိ ပါတေတပ္ပံ၊ ယထာပညတ္တေယေဝ ဌာနေ ထပေတပ္ပံ၊ သစေ ဗဟိ ဥဟဒံ ဟောတိ, ဥဒကေန မောဓိတပ္ပံ။

၁၃။ တတောပရံ ကိ ကာတပ္ပံ။

၁၄။ တတောပရံ အာစမနကုမ္ဘိတော ဥဒကံ ဂဟေတွာ အာစမေတပ္ပံ၊ နံ စပုစပုကာရကံ အာစမေတပ္ပံ၊ နံ စ အာစမနသရာဝကေ ဥဒကံ သေသေတပ္ပံ, အပိဓာနေန အာစမနကုမ္ဘိံ ပဋိစ္ဆာဒေတပ္ပာ။

ကျင်ငယ်မြောင်း။ ခေဋ္ဌော–တံထွေး။ ၁၂။ ပိဋ္ဌရော–ပုံး။ မာဋ္ဌကော–စင်။ အဝလေခနကဋ္ဌံ–ကျင်ကြီးကို ခြစ်ပစ်ကြောင်းဒုတ် (ကျင်ကြီးသုတ်စရာ ဒုတ်ချောင်း ကနုတ်)။ အဝလိခိတပ္ပ–ခြစ်(သုတ်)တိုက် [ကျက်သရေမရှိသော အရာဖြစ်၍ လိခ ဟုသာ မသုံးဘဲ အဝသဒ္ဒါထည့်၍ သုံးသည်]။ ဖရုသော–ကြမ်း။ ကူပေါ–တွင်း။(ပါတေ+တပ္ပ)–ကျစေ(ချ)+ထိုက်။ ယထာပညတ္တ–အကြင်ကြင် ပညတ်အပ် (ထားအပ်)သောနေရာ။ ဥဒဟ–ကျင်ကြီးလူးအပ် (ကျင်ကြီးလူးနေ, ပေနေ)။ ၁၄။ အာစမန–မစင်ကို ဆေးကြောင်းရေ [ရှေးက သန့်သက်ရေဟု ခေါ်၏]။ အာစမန+ကုမ္ဘိ–သန့်သက်ရေ+အိုး။ အာစမေ+တပ္ပံ–ဆေး+ထိုက်၊ [အာစမေတိ, အာစမေန္တိ စသည်]။အာစမန+သရာဝကော–သန့်သက်ရေ+ခွက်ငယ် (သန့်သက်ရေ ခပ်ယူ၍ဆေးကြောင်းခွက်ငယ်)။ သေသေ+တပ္ပံ–ကြွင်းကျန်စေ+ထိုက် (ချန်ထား+ထိုက်) [သိသဓာတ်, သိသတိ (ဘူဝါဒိ) ကြွင်းကျန်၏၊ ကာရိတ်ဝင်မူ သေသေတိ– ကြွင်းကျန်စေ၏(ချန်ထား၏)။ [စူဠဝဂ္ဂ ဝစ္စကုဋိဝတ်ဝယ် "နံ အာစမနံသရာဝကေ ဥဒကံ သေသေတပ္ပံ"ဟုရှိ၏၊ အခန်း ၁၃-၌ ကာရိတ်မပါသော ဒိဝါဒိရုပ်ဖြင့် "အဝသိသေယျာထ–ကြွင်းကျန်စေကြ ချန်ထားကြ"ဟု

၁၅။ တတောပရံ ကိ ကာတဗ္ဗံ။

၁၆။ တတောပရံ ပါဒကာသု ဌိတေနေဝ ပဋိစ္ဆာဒေတွာ နာ.တိသဟသာ နိက္ခမိတွာ ဗဟိ နိက္ခိတ္တစီဝရံ ပါရုပိတဗ္ဗံ။

၁၇။ ဝစ္စကုဋိဝတ္တံ ကရောန္တေန ကိ ကာတဗ္ဗံ။

၁၈။ ဝစ္စကုဋိဝတ္တံ ကရောန္တေန (က) အနုဒိနံ အာစမနကုမ္ဘိယံ ပုရာဏောဒကံ ဆဒ္ဎေတွာ နဝံ ဥဒကံ အာသိဉ္စိတဗ္ဗံ၊ (ခ) သစေ ဝစ္စကုဋိဥက္လာပါ ဟောတိ, သမ္မဇ္ဇိတဗ္ဗာ၊ (ဂ) သစေ အဝလေခနပိဋ္ဌရော ပူရော ဟောတိ, အဝလေခနကဋ္ဌံ ဆဒ္ဎေတဗ္ဗံ၊ အမှာကံ ပန ဝိဟာရေ အဝလေခနကဋ္ဌံ သယမေဝ ဓောဝိတွာ မာဠကေ ထပေန္တိ၊ တသ္မာ ဝတ္တကာရကဿ ဘာရော နတ္ထိ။

၁၉။ အညေသု ဝိဟာရေသု အဘိနဝါ.ဝလေခနာနံ စေဝ ပုရာဏာ.ဝလေခနာနံ စ ပက္ခိပနတ္ထာယ “အဘိနဝပိဋ္ဌရော, ပုရာဏပိဋ္ဌရော”တိ နာမသညံ လိခိတွာ ပိဋ္ဌရေ ထပေန္တိ၊ တေပိ ဇတ္ထ နာ သန္တိ။

သုံးခဲ့၏၊ ထိုဌ်လည်း“အဝသေသေယျာထ”ဟု သုံးနိုင်သည်]။ ပဋိစ္ဆာဒေ+တဗ္ဗ–ဖုံး+ထိုက် [နောက် ၁၆–၌ “ပဋိစ္ဆာဒေတွာ–သင်းပိုင်ကို ဖုံးလွှမ်း(ဖုံးအုပ်၍)ဟု ဆို]။ ၁၆။ အတိသဟသာ–အလွန်လျင်စွာ (ပျာယိပျာယာ)၊ နာ.တိသဟသာ (န+အတိသဟသာ)–သိပ်မမြန်စေဘဲ။ နိက္ခိတ္တ–ချထားအပ်။ ၁၈။ အနုဒိနံ–နေ့စဉ်။ ပုရာဏောဒကံ (ပုရာဏ+ဥဒက)–ရှေ့၌ဖြစ်(အဟောင်းဖြစ်)သော+ရေ။ နဝံ–အသစ်။ ဆဒ္ဎေ(ဆဒ္ဎေ)–စွန့်(ပစ်)။ ဥက္လာပ–စွန့်ပစ်ထိုက်သော အမှိုက်အပေါင်းရှိ (အမှိုက်ရှုပ်)။ သမ္မဇ္ဇ–တံမြက်လှည်း။ [သမ္မဇ္ဇနီ–တံမြက်စည်း]။ ပူရ–ပြည့်။ ကာရကော–ပြုသူ။ ဘာရော–(ထမ်းဆောင်ထိုက်သော)တာဝန်။ ၁၉။ အဘိနဝ– အသစ်။ နာမသညာ–နာမည်အမှတ်အသား။ တေပိ–ထိုကနုတ်ပုံးနှင့်

၂၀။ ကြဒါနိ ပန အဝလေခနကဋ္ဌ နု ဝဋ္ဋဉ္ဆန္တီ, ဥဒကေနေဝ သံသုဒ္ဓံ ကရောန္တီ။

(က) ပဝိသေယျုဇ္ဈဇိတ္ဝာ နော, သဟသာ ပဝိသေယျ စ၊ ဥက္ကာသိတ္ဝာဝု.ဇ္ဈဇေယျ, ပါဒုကာသွေဝ သဏ္ဌိတော။

(ခ) နု ကရေ နိတ္ထုနံ ဝစ္ဆံ, ဒန္တကဋ္ဌံ စ ခါဒယံ၊ ဝစ္ဆပသာဝဒေါဏိနံ, နု ကရေယျု.ဘယံ ဗဟိ။

(ဂ) ကူပေ ကဋ္ဌံ နု ပါတေယျ, ခေဠံ ပသာဝဒေါဏိယာ၊ နာ.ဝလေခေယျ ဖရုသေ.နု.ဟတ္ထာပိ .ဓောဝယေ။

အမှတ်အသားတို့သည်လည်း။ ၂၀။ ဝလဉ္ဇ–သုံးစွဲ။ သံသုဒ္ဓ–စင်ကြယ်။ [စူဠဝဂ္ဂ ခုဒ္ဒကဝတ္ထုက္ခန္ဓက နှာ ၂၈၃ ၌ "အဝလေခနပိဋ္ဌရော"ဟု ရှိ၏၊ ဝတ္တက္ခန္ဓက နှာ–၃၉၂ ၌ကား "အဝလေခနပိဓရော"ဟု ရှိသည်]။

(က) ဥဇ္ဈဇိတ္ဝာ–သင်းပိုင်ကိုပင့်၍၊ နော ပဝိသေယျ–ကုဋိအတွင်းသို့ မဝင်ရာ၊ သဟသာ စ–အဆောတလျင်လည်း(ပျာယိပျာယာ)နော ပဝိသေယျ–ရာ၊ ဥက္ကာသိတ္ဝာဝ–ချောင်းဟန့်၍သာ၊ ပဝိသေယျ–ရာ၏၊ ပါဒုကာသု–တို့၌၊ သဏ္ဌိတော–ကောင်းစွာရပ်မိသည်၊ (ဟုတ္ဝာ)ဝ–ဖြစ်မှသာ၊ ဥဇ္ဈဇေယျ–ရာ၏။

(ခ) နိတ္ထုနံ (နိတ္ထုနန္တော)–ညီးတွားလျက် (အင်းအင်းဟု အသံပြုလျက်)၊ ဝစ္ဆံ–ကျင်ကြီးကို၊ နု ကရေ–မပြုရာ၊ ဒန္တကဋ္ဌံ–ကို၊ ခါဒယံ စ–ခဲလျက်လည်း၊ ဝစ္ဆံ နု ကရေ၊ ဝစ္ဆပသာဝဒေါဏိနံ–ကျင်ကြီးတွင်း, ကျင်ငယ်တွင် တို့၏ (ကျင်ကြီးခွက်, ကျင်ငယ်ခွက်တို့၏)၊ ဗဟိ–ဘေး၌၊ ဥဘယံ–ကျင်ကြီး ကျင်ငယ် နှစ်မျိုးလုံးကို၊ နု ကရေယျ–မပြုရာ။ [ခုဒ္ဒသိက္ခာ]

(ဂ) ကူပေ–ကျင်ကြီးတွင်း၌၊ ကဋ္ဌံ–ကနုတ်ကို၊ နု ပါတေယျ–မကျစေရာ (မချရာ)၊ ပသာဝဒေါဏိယာ–ကျင်ငယ်မြောင်း၌ (ကျင်ငယ်ခွက်၌)၊ ခေဠံ–တံထွေးကို၊ နု ပါတေယျ–ရာ (မထွေးချရာ)၊ ဖရုသေန–ကြမ် သော ကနုတ်ဖြင့်၊

(ဃ) နာ နိက္ခမေယျ သဟသာ, ဥဇ္ဇုဇိတွာ နာ နိက္ခမေ၊ စပုစပု နာ.စမေယျ, ဥက္လာပဠ္ဍ ဝိသောဓယေ။

ပါဠိစီရန်

၁။ သင် ကျင်ကြီးစွန့်ပြီး ဒုတ်နဲ့ သုတ်သလား, စက္ကူနဲ့ သုတ်သလား။

၂။ ဒုတ်နဲ့ သုတ်ပြီး ရေဆေးသေးရဲ့လား။

၃။ ရေမဆေးယင် ဖင် စင်ကြယ်ပါ့မလား (ပြောင်ပါ့မလား)။

၄။ ကုဋိထဲ ပျာယီပျာယာ မဝင်ပါနဲ့။

၅။ ခြေနင်းခုံပေါ် ရပ်ပြီးမှ သင်းပိုင်ကို ပင့်ပါ။

၆။ သင်းပိုင်ကို ပင့်လျက် ပျာယီပျာယာ မထွက်ခဲ့ပါနဲ့။

၇။ သင်းပိုင် ဖုံးပြီးမှ ဖြေးဖြေးသာသာ ထွက်ခဲ့ပါ။

၈။ သန့်သက်ရေအိုးမှာ ရေ မရှိပါလား။

၉။ ကနုတ်ပုံးထဲ ကနုတ် ပြည့်လို့ပါလား။

နာ.ဝလေခေယျ–မခြစ်(မသုတ်)ရာ။ ဥိဟတ္တာဠ္ဍာပ်–ပေနေသော ကျင်ကြီးကိုလည်း။ ဓောဝယေ–ဆေးခဲ့ရာ၏။

(ဃ) သဟသာ–လျှင်၊ နာ နိက္ခမေယျ–မထွက်ရာ၊ ဥဇ္ဇုဇိတွာ–၍၊ နာ နိက္ခမေ–ရာ၊ စပုစပု–စပ်စပ်အသံပြု၍၊ နာ.စမေယျ–သန့်သက်ရေ မဆေးရာ၊ ဥက္လာပဠ္ဍ–[အုတ်ကလာပဠ္ဍ ဟုဖတ်] ရှုပ်နေသော အမှိုက်ကိုလည်း၊ ဝိသောဓယေ–ရှင်းလင်းခဲ့ရာ၏။ [ခုဒ္ဒသိက္ခာ]

ကြည့်ရှုရန်

၁။ ကိံ နု တွံ ဝစ္ဆ ကတွာ ကဠေန အဝလေခသိ, ဥဒါဟု ပဏ္ဍေန. [စက္ကူကို ပဏ္ဍဟု သုံးပါ]။ ၂။ အာစမေသိ နု ကဠေန အဝလေခေတွာ။ ၃။ သံသုဒ္ဓေါ နု ခေါ ဝစ္ဆမဂ္ဂေါ ယဒိ ဥဒကေန နု ဓောဝသိ။ ၄။ ဥဇ္ဇဇ္ဇေဟာ။ ၅။ ပူရော(ပုဏ္ဏော)ဝတာ အဝလေခနပိဋ္ဌရော.အဝလေခနကဠေဟိ။

၁၀။ နံဘေးမှာ ပေနေယင် (ကျင်ကြီး လူးနေယင်) ဆေးခဲ့ပါ။

၁၁။ အမှိုက်ရှုပ်နေယင် လှည်းခဲ့ပါ။

၁၆။ ဗုဒ္ဓုပဋ္ဌာနဝေလာယံ ကထာသလ္လာပေါ

[ဘုရားထံဆည်းကပ်(ဝတ်တက်)ချိန် စီးရားပြောပုံ]

၁။ အာဝုသော အညေသု ဝိဟာရေသု ဗုဒ္ဓုပဋ္ဌာနဝေလာယံ ပဋိမာယ ပုရတော ဗုဒ္ဓဂုဏံ သဇ္ဈယိတွာ ပရိတ္တာဒိ ကောတော သဇ္ဈယန္တိ, ကုဓ ပန သာယန္နသမယေ ဇေတ ဗုဒ္ဓုပဋ္ဌာနံ ဂန္တွာ ပုပ္ဖါဒိဟိ ပူဇေတွာ သူရိယတ္ထင်္ဂမနဝေလာယ အပရဘာဂေ "ကုတိပိ သော ဘဂဝါ" တျာဒိရတနတ္တယဂုဏံ စေဝ ပါတိမောက္ခာဒိ စ ဇေတော သဇ္ဈယန္တိ။

၂။ အာဝုသော ဓမ္မရက္ခိတ ဗုဒ္ဓုပဋ္ဌာနကာလော ယံ, အန္တရဝါသကံ စေဝ ဥတ္တရာသင်္ဂံ စ ပရိမဏ္ဍလံ နိဝါသေတွာ ဇေတံ သံ ဥတ္တရာသင်္ဂံ ကရောဟိ၊ သ စ.တ္ထိ, စိတ္တပါတိ စ ဂဏှာဟိ။

ကြည့်ရှုရန်

၁။ ဗုဒ္ဓုပဋ္ဌာနဝေလာ–ဘုရားအား ဆည်းကပ်ရာအချိန်။ ပဋိမာ–ဆင်းတုတော်, ရုပ်ပွားတော် [စေတိယံ–စေတီတော် ဟုလည်းသုံး]။ ပရိတ္တံ–ပရိတ် [မင်္ဂလသုတ်စသော တရားတော်များကို ထက်ဝန်းကျင် ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟု ခေါ်၏]။ ဗုဒ္ဓုပဋ္ဌာနံ–ဘုရားအား ဆည်းကပ်ရာအရပ်သို့၊ ဝါ–ဆည်းကပ်ခြင်းအကျိုးငှာ။ ပုပ္ဖံ–ပန်း။ သူရိယတ္ထင်္ဂမန ဝေလာ–(သူရိယ+အတ္ထင်္ဂမန+ဝေလာ) နေ+ဝင်ရာ+အချိန် (နေဝင်ချိန်)။ ရတနတ္တယံ–ရတနာသုံးပါး အပေါင်း။ ဂုဏော–ဂုဏ်။ ပါတိမောက္ခံ–ပါတိမောက်။

၂။ ပရိမဏ္ဍလံ–ထက်ဝန်းကျင် ဝန်းဝိုင်းစွာ (ညီအောင်) [ပရိမဏ္ဍလဖြစ်အောင်

၃။ အာမ ဘန္တေ။

၄။ တဝ နိဝါသနံ န ပရိမဏ္ဍလံ, ဇဝံ နိဝါသေတဗ္ဗံ၊ ပုန ပရိမဏ္ဍလံ နိဝါသေဟိ။

၅။ န ဇဝံ န ဇဝံ, ဇဝံ နိဝါသေဟိ။

၆။ ဥတ္တရာသင်္ဃံပိ ပုန ပရိမဏ္ဍလံ ပါရုပါဟိ။

၇။ တဝ စီဝရကဏ္ဏော ပုရတောပိ သြလမ္ဗတိ, ပစ္ဆတောပိ သြလမ္ဗတိ, ဒက္ခိဏတောပိ သြလမ္ဗတိ, ဝါမတောပိ သြလမ္ဗတိ၊ ပုန ပါရုပါဟိ။

၈။ ဇဝံ သာဓု, ပစ္ဆာပိ ဇဝ.မေဝ နိဝါသေဟိ ပါရုပါဟိ စ။

၉။ အာမ ဘန္တေ။

၁၀။ အာဝုသော အညေ ဂန္ဓမာလာဒိဟတ္ထာ ဗုဒ္ဓုပဋ္ဌာနံ ဂစ္ဆန္တိ, မယံ ပန ကေန ဗုဒ္ဓံ ပူဇေယျာမ။

သင်္ကန်းဝတ်နည်းကို ရုပ်ပုံရှင်ကျင့်ဝတ်၌ ကြည့်ပါ]။ ဇေဋ္ဌသံ–တစ်ခုသော လက်ဝဲအဖို့(လက်ဝဲတစ်ဖက် ပခုံးထက်)၌။ ဥတ္တရာသင်္ဃံ–အပေါ်ရုံ ဇကသီကို။ ကရိတွာ–၍(လက်ကန်တော့်တင်၍)။ စိတ္တပါတိ–စိတ်ပတီး (စိတ်ကို ဟိုဟိုဒီဒီ အာရုံသို့ မရောက်စေဘဲ တရားအာရုံတစ်မျိုး၌သာ ရောက်နေအောင် စောင့်ရှောက်တတ်သော ပတီး)။ ၅။ န ဇဝံ–ဒီလိုမဟုတ်ဘူး။ ၇။ ကဏ္ဏော–အနား (အစွန်း, အဖျား)။ ပုရတောပိ–ရှေ့၌လည်း။ ဒက္ခိဏ–လက်ယာဘက် (ညာဘက်)။ ဝါမ–လက်ဝဲဘက် (ဘယ်ဘက်)။ သြလမ္ဗ–တွဲလျားကျ [အခန်း ၈–၌ ကာရိတ်ပစ္စည်းဖြင့် "သြလမ္ဗေန္တေ န–တွဲလျားကျစေလျက်, မညီမညာဖြစ်စေလျက်"ဟု ရှိခဲ့သည်]။ ၈။ ဇဝံ သာဓု–အေး ကောင်းတယ်။ ၁၀။ အညေ–အခြား ရဟန်း သာမဏေတို့။

၁၁။ သာမဏေရာ ပုပ္ဖါနိ နု ဩစိနိတုကာမာ မညေ၊ ရုက္ခေသုပိ ပုပ္ဖါနိ နတ္ထိ, မယံ ဥဒကေနေဝ ဗုဒ္ဓံ ပူဇေယျာမ။

၁၂။ ဇဝ.မာဝုသော, ဥဒကကုမ္ဘိကံ ပရိသုဒ္ဓံ ဓောဝိတွာ ဥဒကံ ပရိဿာဝေတွာ အာဟရ။

၁၃။ ဇဝံ ဘန္တေ, ပရိသုဒ္ဓံ ဗုဒ္ဓံ ပရိသုဒ္ဓေနေဝ ဥဒကေန ပူဇိတုံ ယုတ္တံ။

၁၄။ ဇဝ.မာဝုသော အာယာမ, ဗုဒ္ဓါရမဏ္ဍံ သတိံ ပစ္စုဋ္ဌာပေဟိ "ဣတိပိ သော ဘဂဝါ အရဟံ ၊ပေ၊ ဘဂဝါ"တိ။

(က) တဒဟု ပဗ္ဗဇိတော သန္တော, ဇာတိယာ သတ္တဝဿိကော၊ သောပိ မံ အနုသာသေယျ, သမ္မဒ္ဓိစ္ဆာမိ မတ္ထကေ။

ဂန္ဓမာလာဒိဟတ္ထော (ဂန္ဓ+မာလာ+အာဒိ+ဟတ္ထော)–နံ့သာ+ပန်း+အစရှိသော ပူဇော်ဖွယ်+လက်၌ရှိ (နံ့သာပန်းစသော ပူဇော်ဖွယ်လက်ဆွဲ)။ ၁၁။ ဩစိနိတုကာမော–ခူး(ဆွတ်, ကပို)ခြင်းငှာအလိုရှိ [ဩစိနာတိ, ဩစိနန္တိ စသည်]။ မညေ–ထင်၏၊ ပူဇေယျာမ–ပူဇော်ကြရတော့မှာဘဲ။ ၁၂။ ဥဒကကုမ္ဘိကာ–ညောင်ရေအိုး (ဘုရားပန်းအိုး) [ဥဒကကုဇ္ဈိကာ–ရေကရား, ရေတကောင်း ဟုလည်းရှိ၏]။ ပရိဿာဝေ–စစ်။ ၁၄။ ဗုဒ္ဓါရမဏ္ဍ–ဘုရားအာရုံရှိ။ ပစ္စုပဋ္ဌာပေ–ရှေးရှုကပ်၍ တည်စေ [ကာရိတ်မပါလျှင် ပစ္စုပဋ္ဌာတိ]။

အမှာ။ ။ဤအခန်းသည် တာဝန်ခံ ဘုန်းကြီးနှင့် တပည့် ဦးပဉ္ဇင်းကိုရင်တို့ ဘုရားထံ ပန်းကပ်သွားခါနီး ပြောကြုံဖြစ်သည်၊ အနည်းငယ်ပြင်ဆင်ကာ ဘုရားဝတ်တက်ချိန်၌လည်း ပြောနိုင်သည်။

(က) တဒဟု–ထို(မိမိကို ဆုံးမမည့်)နေ့မှ၊ ပဗ္ဗဇိတော–ရှင့်အဖြစ်သို့ ရောက်သည်၊ သန္တော–ဖြစ်သော၊ ဇာတိယာ–မွေးဖွားခြင်းအားဖြင့်၊ သတ္တဝဿိကော–ခုနစ်နှစ်အရွယ်မျှသာရှိသော၊ သောပိ–ထိုသာမဏေကလေးကသော်မှလည်း၊ မံ–ငါ့ကို၊ အနုသာသေယျ–သွန်သင်အံ့၊ မတ္ထကေ–ဦးထိပ်ဖြင့် [တတိယာ အနက်၌ သတ္တမီ]။ သမ္မဒ္ဓိစ္ဆာမိ–ခံယူပါ၏။ [အရှင်သာရိပုတ္တရာက မိမိအား

(ခ) ဗုဒ္ဓေါတိ ကိတ္တယန္တေ့သ, ကာယေ ဘဝတိ ယာ ပီတိ၊ ဝရမေဝ ဟိ သာ ပီတိ, ကသိဏောနာပိ ဇမ္ဗုဒီပသ။

ပါဠိစီရန်

၁။ သင်းပိုင်နှင့် ကေသီ ညီအောင် ဝတ်ပါ။
၂။ လက်ကန်တော့ တင်ပါ။
၃။ ဒီလို ဝတ်ရတယ်။
၄။ လက်ဝဲဘက်က သင်္ကန်းစွန်း တွဲကျနေတယ်။
၅။ အေး ကောင်းတယ်။
၆။ ဘုရားဝတ်တက် သွားကြစို့။
၇။ သင် ဘုရားကို ဘာနဲ့ ပူဇော်မှာလဲ။
၈။ မင်း ပန်းမခူးချင်ဘူးလား။
၉။ ရေတကောင်းကို စင်ကြယ်အောင် ဆေးပါ။
၁၀။ ရေကို စစ်ပြီး ယူခဲ့ပါ။
၁၁။ ဘုရား အာရုံပြုပြီးမှ အိပ်ပါ။

သင်္ကန်းမည်ဟု ပြောသော သာမဏေကလေးကို လက်အုပ်ချီ၍ လေးစားစွာ ပြောသော စကားဖြစ်သည်။ [ခု, ၁၁-၃၈၂]

(ခ) ဗုဒ္ဓေါတိ–ဘုရား ဘုရားဟူ၍၊ ကိတ္တယန္တေ့သ–မိမိစိတ်တွင် ဂုဏ်တော် ထင်၍ ကြည်လင်ညွတ်ပျော်ငး ရွှတ်ဆိုသောသူတော်ကောင်း၏၊ ကာယေ–၌၊ ယာ ပီတိ–သည်၊ ဘဝတိ။ သာ ပီတိ–သည်၊ ဇမ္ဗုဒီပသ–ဇမ္ဗုဒြပ်၏၊ ကသိဏောန ပိ–အလုံးစုံ၏ အဖြစ်ထက်လည်း၊ ဝရမေဝ–မြတ်သည်သာ။ [ဇမ္ဗုဒီပ်တစ်ကျွန်းလုံး ရှိသမျှ အရာဝတ္ထု အားလုံးထက်သာသည်ဟူလို။ [ဒီ ဋ္ဌ, ၁-၅၄]

ကြည့်ရှုရန်

၇။ ကေန ပူဇေသေသိ။ ၈။ နနု တွံ ပုပ္ဖံ နာ သြစိနိတုကာမော.သိ။ ၁၁။ အနုဿရိတွာ.ဝ (မနသိ ကရိတွာ.ဝ)သဃ။

၁၂။ ကျတိပိ သော ဘဂဝါ အရဟံ အစရိုသေဒ ဂုဏ်တော် ၉-ပါးကို ပါဠိလို ခွဲပြပါ။

၁၇။ အာဂန္တုကေန သဒ္ဒိ ကထာသလ္လာပေါ

[အာဂန္တုကပုဂ္ဂိုလ်နှင့် အတူ စကားပြောပုံ]

၁။ ကစ္စိ ဘန္တေ ခမနီယံ ကစ္စိ ယာပနီယံ။ [အဠလိ ပဂ္ဂယှ ပုစ္ဆိတဗ္ဗံ]။

၂။ အာမာ.ဝုသော ခမနီယံ ယာပနီယံ။

၃။ ကဉ္စိ ဘန္တေ ဥဒကံ ပရိဘောဇနီယံ၊ ယဒိ ဘဝံ ကဉ္ဆတိ, ပါဒေ ပက္ခာလေတု။

၄။ ဇဝ.မာဝုသော ပါဒေ ပက္ခာလေဿာမိ။

၅။ ကဉ္စိ ဘန္တေ ပါနီယံ, ပိဝတု အာယသ္မာ။

၆။ အလံ အာဝုသော, နာ.ဟံ ပိပါသိတောာ.မှိ။

၁၂။ ပါဠိယာ ဝိဘဇိတွာ ဒဿေဟိ။ [ဘုရားအာရုံပြုပုံနှင့်စပ်သော ပြောဖွယ် စကားများကို အခန်း ၃-၌ ပြခဲ့ပြီ]။

၁၇။ အာဂန္တုကော-အာဂန္တုက (ည့ေသည်, ခေတ္တခဏ မိမိထံသို့ ရောက်လာသော ရဟန်း, သာမဏေ) [လူည့ေသည်များကိုကား "အတိထိ"ဟု သုံးပါ။ ၁။ ခမနီယ-သည်းခံအပ်, သည်းခံနိုင်(ခန့်ကျန်း, ကျန်းမာ)။ ယာပနီယ-ရှည်သောကာလသို့ ရောက်စေအပ်, ရောက်စေနိုင်(မျှတ)။ အဠလိ-လက်အုပ် [ပုံလိင် ဤကာရန္တဖြင့် "အဠလီ"ဟု ကခ်ါဋိကာသစ်၌ ဆို၏]။ ပဂ္ဂယှ-ချီ, မြှောက်။ ၃။ ပရိဘောဇနီယံ-သုံးစွဲထိုက်သောရေ(သုံးရေ)။ ၄။ ဇဝံ-အေး (ကောင်းပြီ)။ ၅။ ပါနီယံ-သောက်ထိုက်သောရေ(သောက်ရေ)။ ၆။ အလံ-တော်ပြီ(ပြည့်စုံပြီ) [တချို့နေရာ၌ "အလံ-မသင့်, အကျိုးမရှိ"ဟု ဆိုပါ]။

၇။ ကဲ့ဒံ ဘန္တေ အာသနံ, ကဲ့ဓ ဘဝံ နိသီဒတု။

၈။ ဟောတု အာဝုသော ဟောတု, ဇေ့ဋ္ဌဝ နိသီဒိဿာမိ။

၉။ ကုတော ဘဝံ အာဂစ္ဆတိ၊ အပ္ပကိလမထေန အဒ္ဓါနံ အာဂမိ, အန္တရာမဂ္ဂေ စ ပိဏ္ဍကေန နာ ကိလမိ။

၁၀။ ရန်ကုန်နဂရတော အာဝုသော အာဂစ္ဆာမိ၊ အပ္ပကိလမထေန အဒ္ဓါနံ အာဂမိ, အန္တရာမဂ္ဂေ စ ပိဏ္ဍကေန နာ ကိလမိ။

၁၁။ ကီဝစိရံ ဘန္တေ ဣဓ ဝသိဿသိ။

၁၂။ နာ စိရာ.ဟံ အာဝုသော, ကတိပါဟမေဝ ဝသိဿာမိ။

၁၃။ စိရံ ဝါ နာ ဝါ, ယထာသုခံ ဝသတု ဘန္တေ။

၁၄။ ဇေ.မာဝုသော, ဗဟူပကာရော.သိ တွံ မယှံ၊ သစေ အမှာကံ ရန်ကုန်နဂရံ အာဂန္တုကာမော, အမှာကံ ဝိဟာရမေဝ ဥဒ္ဒိသိတွာ အာဂန္တွာယ ထိစ္ဆတိ ဝသာဟိ။

ပိပါသိတော–ရေသောက်ခြင်းငှာ အလိုရှိသူ (ရေဆာသူ)။ ၈။ ဟောတု–ရှိပါစေ (နေပါစေ)။ ၉။ ကိလမထော–ပင်ပန်းမှု၊ အပ္ပကိလမထေန–ပင်ပန်းမှုမရှိသဖြင့်။ အဒ္ဓါ–ရှည်သောခရီး [ယူဇနာဝက်ကျော်လျှင်"အဒ္ဓါ"ဟု ခေါ်နိုင်သည်၊ တစ်ယူဇနာကို မိုင်အားဖြင့် တစ်မိုင်ကျော်မှစ၍ ဆယ့်နှစ်မိုင်ကျော်အထိ အမျိုးမျိုးရေတွက်ကြ၏]။ အာဂမိ–လာခဲ့ရ၏လော [အဇ္ဇတ္တနိ ဤကို ကူပြု]။ အန္တရာမဂ္ဂံ–ခရီးအကြား [လမ်းကြားဟု မသုံးရ]။ ပိဏ္ဍကော(ပိဏ္ဍော)–ဆွမ်း။ ကိလမ–ပင်ပန်း။ ၁၁။ ကီဝစိရံ–ဘယ်လောက်ကြာအောင်။ ၁၂။ နာ စိရံ–ကြာမှာမဟုတ်ဘူး။ ကတိပါဟံ(ကတိပိ+အဟံ)–အနည်းငယ်သော်+ရက်(ပတ်လုံး)။ ၁၃။ စိရံ ဝါ နာ ဝါ–ကြာသည်ဖြစ်စေ မကြာသည်ဖြစ်စေ (ကြာကြာ မကြာကြာ)။ ယထာသုခံ–ချမ်းသာသည်အားလျော်စွာ (ချမ်းသာသလို)။ ၁၄။ မယှံ–အား။ ဗဟူပကာရော (ဗဟု+ဥပ+ကာရော)များစွာ+လျော်သော+ကျေးဇူးကိုပြုသည် (**ကျေးဇူးများသည်**)။ [မယှံ–၏(အပေါ်၌)။ ဗဟူပကာရော–များသော ကျေးဇူးရှိသည်ဟုလည်းဆိုကြ၏]။

၁၅။ အဘိပ္ပမောဒါမိ ဘန္တေ။

(က) ကစ္စိနု ဘောတော ကုသလံ, ကစ္စိ ဘောတော အနာမယံ၊
သဗ္ဗေ စ သိဿကာ တုယ္ဟံ, အရောဂါ ဟောန္တိ ဒါယကာ။

(ခ) ကုသလဉ္စေဝ မေ တာတ, အထော တာတ အနာမယံ၊
သဗ္ဗေ စ သိဿကာ မယ္ဟံ, အရောဂါ ဟောန္တိ ဒါယကာ။

(ဂ) ယဿ ရက္ခဿ ဆာယာယ, နိသီဒေယျ သယေယျ ဝါ၊
န တဿ သာခံ ဘဉ္ဇေယျ, မိတ္တဒုဗ္ဘော ဟိ ပါပကော။

ဥဇုကံ–ဖြောင့်ဖြောင့် (တိုက်ရိုက်)။ ယထိစ္ဆိတံ–အကြင်အကြင် အလိုအတိုင်း (အလိုရှိတိုင်း, အလိုရှိသလောက်)။ ၁၅။ အဘိပ္ပမောဒါမိ ဘန္တေ–အလွန်ဝမ်း သာပါတယ် ဘုရား။

(က) ကစ္စိ–အံ့ဘယ်သို့နည်း၊ ဘောတော–အရှင်၏၊ ကုသလံ–ကျန်းမာသူ၏အဖြစ်သည်(ဟောတိ)နှ–ဖြစ်ပါ၏လော။ ကစ္စိ။ ဘောတော–၏၊ အနာမယံ–အနာမရှိသော်သူ၏အဖြစ်သည်၊ (ဟောတိ)နှ၊ တုယ္ဟံ–အရှင်၏၊ သဗ္ဗေ, သိဿကာ–တပည့်တို့သည်လည်းကောင်း၊ ဒါယကာ–ဒါယကာတို့သည်လည်းကောင်း၊ အရောဂါ–ရောဂါမရှိကုန်သည်၊ ဟောန္တိ(နှ)–လော။ [အာသီသတ္ထ သူများအတွက် ဆုတောင်းနေခြင်း မဟုတ်ဘဲ မေးနေခြင်းဖြစ်၍ ကုသလ, အနာမယ တို့ရှိသော်လည်း ဘောတောသည် သမ္မဒါန် မဟုတ်၊ သမ္ဗန်သာ]။

(ခ) တာတ–ငါ့ရှင်၊ မေ–၏၊ ကုသလဉ္စေဝ–သည်လည်း၊ (ဟောတိ–ဖြစ်ပါ၏)၊ အထော–ထို့ပြင်၊ ၊ပေ၊ အရောဂါ ဟောန္တိ။ [တေမိယဇာတက ၌ ၆,–၂၇–၂၈ ၌လာသော ဂါထာများကို အနည်းငယ် ပြင်ထားအပ်သည်]။

(ဂ) ယဿ ရက္ခဿ–အကြင်သစ်ပင်၏၊ ဆာယာယ–အရိပ်၌၊ နိသီဒေယျ ဝါ–ထိုင်မူလည်း ထိုင်အံ့၊ သယေယျ ဝါ–အိပ်မူလည်း အိပ်အံ့၊ တဿ–ထိုသစ်ပင်၏၊ သာခံ–အခက်ကို၊ န ဘဉ္ဇေယျ–မချိုးရာ၊ ဟိ–မှန်၏၊ မိတ္တဒုဗ္ဘော–မိတ်ဆွေကို ဖျက်ဆီးသူသည် (မိတ်ဆွေကို ပြစ်မှားသူသည်)၊ ပါပကော–ယုတ်မာသူတည်း။ [အလောင်းတော် တေမိယမင်းသားက ရထားထိန်း

ပါဠိစီရန်

၁။ ကျန်းမာရဲ့နော်။

၂။ ခြေဆေးပြီးတော့ သုတ်လိုက်ပါ။

၃။ ဒီဟာ သောက်ရေပါ, အလိုရှိယင် သောက်တော်မူပါ။

၄။ ရေတော်(ရေဆာ)တယ်, သောက်ရေ ပေးပါ။

၅။ ဘယ်ကလာပြီး ဘယ်ကို သွားမလို့လဲ။

၆။ ရန်ကုန်က လာပြီး မြွေဟုန်ကန် သွားမလို့။

၇။ ရန်ကုန်မှာ ဘယ်လောက်ကြာကြာ နေခဲ့သလဲ။

၈။ တစ်လလောက် နေခဲ့ပါတယ်။

၉။ **ထိုနေရာမှာ (ဟိုမှာ)** ချမ်းချမ်းသာသာ နေခဲ့ရပါရဲ့လား။

၁၀။ **ငါ့ရင် တယ် ကျေးဇူး**များတယ် (သိပ်ကျေးဇူးတင်ပါတယ်), ရန်ကုန်**ရောက်**တဲ့အခါ ငါ့ဆီ တိုက်ရိုက် လာခဲ့ပါ။

၁၁။ မင်းတို့ ဆရာ့ထံ တိုက်ရိုက် မဝင်ကြနဲ့, လက်ထောက်ဆရာ့ထံ ဝင်ပြီးမှ ဆရာ့ထံ ဝင်ကြပါ။

သုနန္ဒအား ပြောသောစကား ဖြစ်သည်၊ အခြားဇာတ်တော်များ၌လည်း ဤစကား ပါ၏၊ ဤဂါထာကို အဖကြောင်းပြု၍ မြန်မာတို့က "အရိပ်နေနေ အခက်ချိုးချိုး, သားရေပေါ်အိပ်ပြီး သားရေနားစားသူ"ဟု စကားပုံပြုကြသည်]။

ကြည့်ရှုရန်

၅။ ကုတော ဂန္တာ ကုဟိ ဂမိဿသိ။ ၈။ မာသမတ္တံ။ ၉။ ထိုမှာ(ဟိုမှာ)–တတ္ထ။ ၁၀။တယ်ကျေးဇူးများပါတယ် (သိပ်ကျေးဇူးတင်ပါတယ်)–ဗဟူပကာရော။ ရောက်တဲ့အခါ–သမ္ပတ္တကာလေ [ရန်ကုန်နဂရံ သမ္ပတ္တော သမာနော ဟုလည်းသုံး]။ ငါ့ထံ (ငါ့ဆီ)–မမ သန္တိကံ။

၁၈။ မဟာထေရဿ သမ္ဖတ္တကာလေ ကထာသလ္လာပေါ

[ဆရာတော်ကြီးရောက်လာချိန် စကားပြောပုံ]

၁။ ဇကော ဘန္တေ မဟာထေရော ဂိဠကာဝသထေ သမ္ဖတ္တော။

၂။ ကီဝဝုဓော။

၃။ အတိမဟလ္လကော ဘန္တေ။

၄။ မယာ ဒဟရော နု, ဉဒါဟု ဝုဓော။

၅။ အာစရိယတော ဝုဓော။

၆။ ယဒိ ဇဝံ အာဂမိဿာမိ။

၇။ ဟေ.... အမှာကံ အာစရိယဘူတော မဟာထေရော အာဂတော, တုမှေ အာဂစ္ဆထ။

၈။ အာဂန္တုကဘူတဿ မဟာထေရဿ ပါနီယံ ဥပနာမေထ, ပါဒေ ပက္ခာလေထ, အာသနံ ပညပေထ, သယနံ သဇ္ဇေထ။

၉။ ဂိဠကာဝသထံ သောဓေထ, သကလံ အာရာမံ ပါတော သမ္မဇ္ဇထ။

ကြည့်ရှုရန်

၁။ ထေရော–ထေရ် (ဆရာတော်)၊ မဟာထေရော–မဟာထေရ် (ဆရာတော်ကြီး)၊ ဂိဠကာဝသထော (ဂိဠကာ+အာဝသထော)–အုတ်တိုဖြင့် ပြုအပ်သော နေရာကျောင်း(အုတ်တိုက်)။ ၃။ မဟလ္လကော (ဝုဓော)–ကြီးသူ။ ဒဟရော–ငယ်သူ [ကြုတ္ထိလိင်၌ ဝုမှာ မဟလ္လိကာ ဒဟရာ၊ ဝုဓောနေရာဝယ် "ဝုဒ္ဓေါ"ဟု လည်း သုံးနိုင်၏]။ အာစရိယဘူတော–ဆရာဖြစ်၍ ဖြစ်သူ (ဆရာရင်း)။ ၈။ ပညပေ–ခင်း။ ၉။ သောဓေ–ရှင်းလင်း (သန့်ရှင်း) [ရှေးက "သုတ်သင်"ဟု ခေါ်ကြ၏]။ ပါတော–နံနက်စောစော။ ၁၀။ အဘိဝါဒနံ–ရှိခိုးမှု[လက်ခြေ နဖူး,

၁၀။ ယထာ ကဿစိ ထေရဿ သမ္ပတ္တကာလေ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမီစိကမ္မံ အာသနာဘိဟာရော သေယျာဘိဟာရော ကာတဗ္ဗော, တထေဝ ယထာနုရူပံ ကရောထ။

၁၁။ ပစ္ဆိသသမယေ ပဗ္ဗဇိတကာလေ မုခဓောဝနတ္ထာယ ဒန္တကဋ္ဌဥ္စေဝ သဟ မုခဓောဝနပိဏ္ဍိယာ – မုခါဒကံ စ မုခပုဉ္ဆနံ စ ဥပဋ္ဌာပေထ။

(က) ယမှာ ဓမ္မံ ဝိဇာနေယျ, သမ္မာသမ္ဗုဒ္ဓဒေသိတံ၊
သက္ကစ္စံ တံ နမသ္သေယျ, အဂ္ဂိဟုတ္တံ.ဝ ဗြာဟ္မဏော။

တတောင် ဒူး, ငါးဦးတည်ခြင်းမှတ် ဟူသည်နှင့်အညီ ရှိခိုးမှု]။ ပစ္စုဋ္ဌာနံ–နေရာမှ အလျင်ထမှု (ခရီးဦးကြိုဆိုမှု) [ပစ္စုက္ကမနံ–အာဂန္တုကဆီသို့ ရှေးရှုသွားမှု, ခရီးဦးကြိုဆိုမှု ဟုလည်းသုံး]။ အဉ္ဇလိကမ္မံ–လက်အုပ်ချီမှု။ သာမီစိကမ္မံ–အရိုအသေပြုမှု။ အာသနာဘိဟာရော (အာသန+အဘိ+ဟာရ)–နေရာကို+ရှေးရှု+ဆောင်မှု (ထိုင်ခုံ ကုလားထိုင်စသော ထိုင်စရာကို အာဂန္တုက အထံသို့ ရှေးရှုဆောင်မှု)။ သေယျာ–အိပ်ရာ၊ [အဘိဝါဒနံ ၊ပေ၊ သေယျာဘိဟာရော ကာတဗ္ဗော၌ အဘိဝါဒနံ စသည်၏ လိင်ကိုမကြည့်ဘဲ နောက်ဆုံးဖြစ်သော သေယျောဘိဟာရော၏ လိင်ကိုကြည့်သည်၊ (နှစ်သုံးလေးပါး, ကံ ကတ္တားနှင့်, ထားသည့်အရာ, ကြိယာမှာ, မှန်စွာနောက်ဖျား, ကံ ကတ္တားနှင့်, တူငြားလိင်ဝုစ် အညီတည်း)– ဘုရားကြီးနိယာယ်]။ ၁၁။ ပဗ္ဗဇ္ဇေါ–နိုးသူ၊ ပဗ္ဗဇ္ဇ+ကာလော–နိုးသူ၏+အခါ(နိုးချိန်)။ ဥပ+ဋ္ဌာပေ–ကပ်၍+တည်စေ (တည်ထား)။

(က) ဗြာဟ္မဏော–ဗြာဟ္မဏသည် [ပုန်ဏားဟု ခေါ်ကြ၏]၊ အဂ္ဂိဟုတ္တံ–ပူဇော်အပ်သော မီးကို၊ သက္ကစ္စံ–ရိုသေစွာ၊ (နမဿတိ)ကဝ–ရှိခိုးသကဲ့သို့၊ ဇဝံ–ဤအတူ၊ ယမှာ–အကြင်ဆရာ့အထံမှ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ–အပ်သော၊ ဓမ္မံ–ကို၊ ဝိဇာနေယျ–သိရာ၏၊ တံ–ထိုဆရာကို၊ သက္ကစ္စံ–စွာ၊ နမဿေယျ–ရာ၏။

အမှာ။ ။ယမှာ ၊ပေ၊ နမဿေယျ၊ ဓမ္မပဒ ဋ္ဌ ၂, ၄၀၁။ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းဟု ယုံကြည်၍ မီးမငြိမ်းအောင် လောင်စာထည့်ပေး လုပ်ကျွေးမှု, လက်အုပ်ချီမိုး ရှိခိုးမှု စသည်ပြုကာ ဗြာဟ္မဏတို့ မီးကို ပူဇော်ကြသည်။

ပါဠိစီရန်

၁။ ဘုန်းတော်ကြီး တစ်ပါး ကြွလာတယ်, အုတ်တိုက်မှာ ရောက်နေတယ်။

၂။ သိပ်မကြီးသေးပါ။ သို့သော် ဆရာ့ထက်တော့ ကြီးမယ် ထင်တယ်။

၃။ ဟော.... ငါ့မိတ်ဆွေကြီးပါလား, သင်တို့ ရေကပ်ကြ။

၄။ အုတ်တိုက်ကို ရှင်းလင်းပြီးပါပြီ (သုတ်သင်အပ်ပါပြီ)။

၅။ တစ်တိုက်လုံး တံမြက်စည်း လှည်းပါ။

၆။ သင်တို့ ခရီးဦးကြို ပြုကြ။

၇။ တော်သလို လုပ်လိုက်။

၈။ မျက်နှာသစ်ရေ တယ်ပြီးပလား။

၁၉။ မဟာထေရဿ ဝတ္ထုပဋိသံယုတ္တော ကထာသလ္လာပေါ

[ဆရာတော်အတွက် ကျင့်ဝတ်နှင့်စပ်သော စကားပြောပုံ]

၁။ မဟာထေရဿ ဝသနကာလံ ဘတ္တံ စေဝ သူပဗျဉ္ဇနံ စ ပဏီတပဏီတံ ပရိပါစေထ။

ကြည့်ရှုရန်

၁။ ကြွလာ–အာဂတော။ ရောက်နေ–သမ္မတ္တော။ ၂။ ကြီးမယ်ထင်တယ်–ဝုဏှော မညေ။ ၃။ မိတ်ဆွေ–မိတ္တော။ ၄။ သုတ်သင်အပ်–သောဓိတ။ ၇။ အကြင်အကြင် သင့်လျော်သည့်အတိုင်း (တော်သလို)–ယထာနုရူပံ။ ၈။ တည်စေအပ်, တည်ထားအပ်ပြီ (တည်ပြီး)–ဥပဋ္ဌာပိတ။

၁။ ဝသန+ကာလော–နေ(သီတင်းသုံး)ရာ+ကာလ။ ပဏီတပဏီတံ–ကောင်းသထက်ကောင်းအောင်။ ပရိပါစေ–ထက်ဝန်းကျင်ကျက်စေ(ချက်ခိုင်း,စိမ်)။

၂။ ဘောဇနဋ္ဌာနံ စေဝ ဘောဇနပိဋ္ဌံ စ သုပရိသုဒ္ဓံ သဇ္ဇေထ။

၃။ ဘောဇနကာလေပိ ယောကောစိ သာမဏေရော ဝါ ဒဟရော ဝါ ဥပတိဋ္ဌတု ယံ ဣစ္ဆတိ, တံ သုလဘာယ။

၄။ ဒိဝသသ ဒွိက္ခတ္တုံ၊ ပိဏ္ဍာပါတံ ဥပနာမေထ, ပါတော ပဋ္ဌနာဒ္ဒိကမတ္တေ ဒိဝါ အမ္ဟေကာဒသနာဒ္ဒိကမတ္တေ စ ကာလေ။

၅။ ဘောဇနဋ္ဌာနေ ဥဒပတ္တံ စေဝ ပါနီယတ္ထာလကံ စ ပဋိဂ္ဂဟံ စ ဥပဋ္ဌာပေထ။

၆။ ဘတ္တကိစ္စာဝသာနေ သဟ ဒေဝပဏ္ဍောဒကေန ခါဒနီယံ ဥပနာမေထ။

၇။ သာယန္ဟေပိ ယံကိဉ္စိ ပါနံ ပရိသုဒ္ဓံ ပရိသာဝေတွာ ဥပနာမေထ, မာ စ ပါနံ သကသဋံ သရဇံ ဟောတု။

